ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (9-1-2004) (၄၁၁၀)

ပူဇာစ ပူဇနေယျာနံ
တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ပါရဂူဘွဲ့ယူကျမ်းများ ကြည့်ရှု

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စိန်ရတုခန်းမ၌ ခင်းကျင်းပြသထားသော ပါရဂူဘွဲ့ ရရှိကြသူများ တင်သွင်းသည့် ပါရဂူဘွဲ့ယူကျမ်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အတွင်း ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည့် ပါရဂူဘွဲ့ရ ၃၆၄ ဦးထိ ပေါ်ထွန်းလာခဲ့
မိမိတို့ကျွမ်းကျင်ရာ ပညာရပ်စွမ်းပကားဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို တိုးတက်ဖော်ဆောင်

ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် မူဝါဒလမ်းစဉ်ကြီး ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေး တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ် မန္တလေးမှ ပါရဂူဘွဲ့ရရှိသော ဗိုလ်မှူးကြီး ဒေါက်တာသိန်းမြင့်သူအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၈

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါဂုဏ်ပြုသည့်အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဖွဲ့ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျမ်းကြီးကြပ်သည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❋ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❋ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❋ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❋ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❋ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၉-၁-၂၀၀၄
(သောကြာနေ့)

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် ရှေးဟောင်းမြို့တော်များတူးဖော်ရေး ဆက်လက်ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာ နိုင်ငံအဖြစ် ကမ္ဘာတွင်ထင်ရှားသည်။ မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်နှင့်ချီကာ တည်တံ့လာခဲ့သည်။ ကိုယ့်ထီးကိုယ့်နန်းဖြင့် ထည်ထည်ဝါဝါ နေထိုင်လာခဲ့ကြသည်နှင့်အညီ မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ နေထိုင်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်လည်မွမ်းမံပြင်ဆင်ရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းများတွင် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးမြန်မာဘုရင်များ၏နန်းတော်နှင့် မြို့ရိုးများတူးဖော်ခြင်း၊ ယဉ်ကျေးမှုပြတိုက်များ မွမ်းမံတည်ဆောက်ခြင်း၊ သမိုင်းဝင်ပစ္စည်းများ၊ ကျောက်စာများ၊ ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို စနစ်တကျ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းမြို့တော်များ တူးဖော်ထိန်းသိမ်းသည့်လုပ်ငန်းများလည်း ပါဝင်သည်။

ရခိုင်ပြည်နယ်တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ဓညဝတီမြို့ဟောင်းတူးဖော်သည့်လုပ်ငန်း၊ ဝေသာလီမြို့ဟောင်း တူးဖော်သုတေသနပြုသည့်လုပ်ငန်းနှင့် ရှေးဟောင်းကိုးသောင်းပုထိုးတော်ကြီး၏ လိုဏ်ပတ်လမ်းများ တူးဖော်ထိန်းသိမ်းသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ဓညဝတီမြို့ဟောင်းအတွင်းရှိ နန်းမြို့ရိုးကို တူးဖော်လျက်ရှိရာ ယခုအခါ နန်းမြို့ရိုး၏ မြို့ဝင်ပေါက်နေရာကို ဖော်ထုတ်တွေ့ရှိထားပြီဖြစ်သည်။ နန်းမြို့ရိုးထုမှာ ၁၅ ပေကျယ်ပြီး မပြိုမီက ၁၂ ပေခန့်အမြင့်ရှိမည်ဟု ခန့်မှန်းရသည်။ နန်းမြို့ဝင်ပေါက်မှာ အကျယ် ၁၄ ပေရှိပြီး ခပ်ကွေးကွေးချိုးဝင်သွားသော မြို့ဝင်ပေါက်ပုံသဏ္ဌာန်မျိုးဖြစ်ကြောင်း သိရသည်။

ဝေသာလီမြို့ဟောင်းကို ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၄ ခုနှစ်အတွင်း ငါးကြိမ်တူးဖော်ခဲ့ပြီးဖြစ်သည်။ ၂၀၀၃ခုနှစ် အောက်တိုဘာလမှ စတင်၍ မြို့ရိုးနေရာ၊ မြို့ဝင်ပေါက်နေရာကုန်းများကို ဆက်လက်တူးဖော်လက်ရှိရာ မြို့ဝင်ပေါက်ကို တွေ့ရှိရပြီဖြစ်သည်။

ဝေသာလီမြို့ဟောင်း မြို့ဝင်ပေါက်တွင် တံခါးတိုင်အဖြစ် အသုံးပြုခဲ့သော လုံးပတ်ခြောက်ပေခန့်ရှိ ကျွန်းတိုင်ကြီးနှစ်တိုင်ကို တွေ့ရှိရသည်။ အုတ်မြို့ရိုးကို နှစ်ဆင့်တည်ဆောက်ထားပြီး မြို့တံခါးပေါက်အကျယ်မှာ ၂၇ ပေရှိသည်။ တူးဖော်တွေ့ရှိရသော အထောက်အထားများအရ အုတ်မြို့ရိုးကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် ပြန်လည်တည်ဆောက်ထားကြောင်း သိရသည်။

နိုင်ငံတော်က ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ ရှေးဟောင်းမြို့တော်များကို ကြိုးပမ်းရှာဖွေတူးဖော်လျက်ရှိရာ တွေ့ရှိရသည့် ရှေးဟောင်းနန်းတော်ရာများ၊ ယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများသည် အနုပညာလက်ရာမြောက်သကဲ့သို့ သမိုင်းပညာရှင်များ၊ လေ့လာလိုသူသုတေသီများအတွက် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု အထောက်အထားပစ္စည်းများပင် ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် ရှေးဟောင်းမြို့တော်များ တူးဖော်ရေးလုပ်ငန်းနှင့် ယင်းလုပ်ငန်းများမှ တူးဖော်တွေ့ရှိရသည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာပစ္စည်းများသည် သမိုင်းတန်ဖိုးမဖြတ်နိုင်သော ပစ္စည်းများဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ပျက်ယွင်းမှုမရှိစေရေး အလေးထား၍ ဆက်လက်တူးဖော်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ် အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၄ ခုနှစ် အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပမည်ဖြစ်ရာ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား သံစုံတီးဝိုင်းပညာရှင်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား သံစုံတီးဝိုင်းပညာရှင် Conductor & Music Director, Mr. Mitch Markowitzသည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ညှိနှိုင်းခန်း၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထူးအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်တောစိုက်ခင်းများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပလိပ်သစ်ဆိပ်သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းမြို့ရှိ ကောင်းမှုတော် ပျိုးဥယျာဉ်၊ စစ်ကိုင်း-မင်းဝံတောင်တန်းရှိ ရွှေမြင်းမိတောင်ကုန်းရှိ စိုက်ခင်းများ၊ မင်းကွန်းဆင်ရွာအနီး တောင်တန်း၌ စိုက်ပျိုးထားသော ဆီနီဂေါ်ရာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စိုက်ပျိုးပြီးသစ်ပင်များ ထိန်းသိမ်းရေး၊ သတိပေးဆိုင်းဘုတ်များ စနစ်တကျတပ်ဆင်ရေး မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့ ခရိုင်သစ်တောဦးစီးဌာနရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် အမရပူရမြို့ရှိ အမှတ်(၁၀၃) သစ်စက်၊ အမှတ်(၂) ပုံဖော်စက်၊ မန္တလေးတိုင်းသစ်ထုတ်ရေး၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ်ရှိ Hi Tech သစ်အချောထည်စက်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွက်
(၁၁-၁-၂၀၀၄)ရက်နေ့
နှင့်
(၂၅-၁-၂၀၀၄)ရက်နေ့

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ဇန်နဝါရီလထုတ်နှစ်သစ်အကြို ငွေတာရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၄ခုနှစ် ဇန်နဝါရီလထုတ် ငွေတာရီတွင် ပန်းချီကိုဒွေးလေး၏ မျက်နှာဖုံးပန်းချီ နှင့်အတူ သိပ္ပံစိုးမြင့်နိုင်၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊တက္ကသိုလ်စိုးယဉ်၊ ရွှေဘိုတင်အောင်၊ တောသားကြီးလူနိုင်၊ မောင်ဟေမာ၊ သံယော၊ မိုးနောင်(ကောလင်း)၊ မင်းယဉ်စု၊ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ ပြေဦး၊ မြေလတ်မင်းလွင်တို့၏ အဖွင့်ကဗျာများနှင့် မြန်မာ့အသံသိန်းဟန်၊ ခင်ဇ(စက်မှု)၊ ချစ်စံဝင်း၊ဦးသန်းထွန်း (ရွှေဘို)၊ရဲထွန်း(စစ်ပညာ)၊ တက္ကသိုလ်လှမြင့်ဦး၊ တင်ထွန်းဦး(ယဉ်ကျေးမှု)၊ မောင်ကြည်သစ်ဦး၊ မောင်သုတ၊ သော်ဇင်သစ်၊ ပုသိမ်မြင့်ဝေ၊ သုတ၊ စောမြတ်မင်း၊ ဆြာစန်း၊ ဒေါက်တာမာလာ(ပါမောက္ခ)တို့၏ ဆောင်းပါးများအပြင် ဒွေးမောင်၊ မြမြလှိုင်၊ တက္ကသိုလ်သျှင်သီရိ၊ စိုးအောင်၊ သက်ထွန်း(ဆေးသိပ္ပံ)၊ ဆောင်းဝင်းလတ်၊ မောင်သိန်းသန်း(ရွှေဒါး)၊ ရင်မောင်(မြတ်စုရင်)၊ မောင်ငွေလှိုင်း (အဲယား)တို့၏ဝတ္ထုများ ပါရှိကြောင်း သိရသည်။

(က-ပ)

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းသည် အိမ်နီးချင်း အာရပ်နိုင်ငံများအတွင်း အီရတ်ပြည်သူလူထုအပေါ် စာနာထောက်ထားမှုများ တိုးပွားလာစေသည်။ အိမ်နီးချင်း အာရပ်နိုင်ငံများသည် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ကို ခုခံတွန်းလှန်တိုက်ခိုက်နေသော အီရတ်ပြည်သူလူထု၏ တိုက်ခိုက်မှုများကို တရားမျှတမှုရှိသည်ဟု ခံယူထားကြသည်။

အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများသည် နယ်ချဲ့ကျူးကျော်မှုဒဏ်ကို ခံစားခဲ့ကြရဖူးသူများ ဖြစ်ကြသည်။ အီရတ်စစ်ပွဲကို ကျူးကျော်မှုတစ်ရပ်အဖြစ် ရှုမြင်ကြကာ အမေရိကန်တို့အပေါ် ဆန့်ကျင်သည့်သဘောထားကို လူထုလူတန်းစား အသီးသီးက ထင်ဟပ်ပြသခဲ့ကြသည်။ အီရတ်နိုင်ငံတွင် ခုခံတွန်းလှန်တိုက်ခိုက်မှုများ တိုးပွားလာခြင်းသည် အမေရိကန်တို့အနေဖြင့် ကိုယ့်ကိုယ်ကို အပြစ်တင်ရန်သာ ရှိသည်ဟု ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

အီရတ်နိုင်ငံအတွင်း သွေးထွက်သံယိုမှုများ ရပ်တန့်သွားစေရန် တစ်ခုတည်းသော နည်းလမ်းမှာ ကုလသမဂ္ဂက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းသာလျှင် ဖြစ်ပြီး ယင်းနည်းလမ်းဖြင့်သာ အီရတ်နိုင်ငံတွင် စစ်မှန်သော အချုပ်အခြာအာဏာပိုင်စိုးမှု ဖြစ်ထွန်းပေါ်ပေါက်လာကာ အမေရိကန်၏ ကျူးကျော်မှုအဆုံးသတ်သွားမည်ဟု ကမ္ဘာ့နိုင်ငံများက ရှုမြင်ကြသည်။

တောင်းဆို

အမေရိကန်တပ်ဖွဲ့က ထိန်းသိမ်းထားသောအပြစ်မဲ့အီရတ်လူမျိုးများအား ပြန်လည်လွှတ်ပေးရန် ဘာကူဘာမြို့တွင် ဇန်နဝါရီ ၆ ရက်က ဆန္ဒပြတောင်းဆို နေကြစဉ်။

(ဓာတ်ပုံ—အင်တာနက်)

ဆန္ဒပြ

ဇန်နဝါရီ ၆ ရက်က အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆရာမြို့တွင် အမေရိကန်တို့၏ ကျူးကျော်စစ်ကြောင့် အလုပ် လက်မဲ့ဖြစ်နေကြသော အီရတ်လူမျိုးများက ဆန္ဒပြနေကြစဉ်။ **(ဓာတ်ပုံ—အင်တာနက်)**

အီရတ်စစ်ပွဲကို ကျူးကျော်မှုတစ်ရပ်အဖြစ် ရှုမြင် အမေရိကန်တို့အပေါ် ဆန့်ကျင်သည့်သဘောထား ထင်ဟပ်

ဇန်နဝါရီ ၆ ရက်က မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ အဘူဂါရစ်ဒေသတွင် အမေရိကန်တပ်ဖွဲ့၏ ထောက်ပံ့ပို့ဆောင်ရေးထရပ်ကားတစ်စီးကို ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ—အင်တာနက်)

ဇန်နဝါရီ ၇ ရက် နံနက်က တီကရစ်မြို့တွင် အမေရိကန် ကြည်းတပ် အမှတ် (၂၂) ခြေလျင် တပ်ရင်းမှ တပ်ဖွဲ့ဝင်တစ်ဦး ကင်းစခန်းသို့ ပြန်လာစဉ်။

(ဓာတ်ပုံ—အင်တာနက်)



ဇန်နဝါရီ ၃ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ—အင်တာနက်)

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိ လုံခြုံရေးအခြေအနေဆိုးရွားသလို အီရတ်ပြည်သူများ၏ ပုံမှန်အခြေအနေရောက်ရန် အလှမ်းဝေးနေဆဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၇

အီရတ်တွင် ကိုးလတာကာလအတွင်း အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် တိုးတက်လာသည့် လက္ခဏာမရှိသေးကြောင်းသိရသည်။ လုံခြုံရေးကိစ္စရပ်သည် အီရတ်နိုင်ငံတွင် အကြီးမားဆုံးပြဿနာဖြစ်နေသည်။ ပြီးခဲ့သည့် အားလပ်ရက်ကာလအတွင်း၌ တိုက်ခိုက်မှုများရှိလာနိုင်သည်ဟု အမေရိကန်တပ်ဖွဲ့များက မျှော်လင့်ထားသကဲ့သို့ ထိုကာလအတွင်းတွင် ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဌာနချုပ်ကို မော်တာများ၊ ဒုံးကျည်များနှင့် ပစ်ခတ်ခြင်းခံရသည်။ နှစ်သစ်ကူးနေ့ မတိုင်မီနေ့ကလည်း ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် လူရှစ်ဦး သေဆုံးခဲ့ပြီး နိုင်ငံခြားသားသတင်းထောက် သုံးဦးအပါအဝင် လူအတော်များများလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများသည် ရပ်တန့်သွားခြင်းမရှိဘဲ တိုက်ခိုက်ရာတွင် အများဆုံးအသုံးပြုသည့်လက်နက်မှာ လမ်းဘေးဗုံးများဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်။ ဘဂ္ဂဒက်မြို့ရှိ နေရာအနှံ့အပြားတွင် ဗုံးအတော်များများ ပေါက်ကွဲခဲ့ရာ ယင်းဗုံးများသည် အမေရိကန်တို့နှင့် ပူးပေါင်းသည့် အီရတ်များကို အများဆုံးပစ်မှတ်ထားပုံရကြောင်း သိရသည်။

အီရတ်ရှိ လုံခြုံရေးအခြေအနေ ဆိုးရွားနေသလို အီရတ်ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝသည်လည်း ပုံမှန်အခြေအနေပြန်ရောက်ရှိရန် အလွန်ဝေးကွာသေးကြောင်း သိရှိရသည်။ အီရတ်ပြည်သူများသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုသည် အလွန်ဆိုးရွားသည့်အခြေအနေမှာ ဆက်လက်ခံစားနေရပြီး နေ့စဉ်လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုအကြိမ်သည် ဆွေကာလကထက် ယခုအခါ ပိုမိုများပြားလာပြီး ရရှိသည့်လောင်စာခွဲတမ်းသည်လည်း ပိုမိုလျော့နည်းလာသည်။

အမေရိကန်က လျှပ်စစ်ဓာတ်အားကို နှစ်လ၊ သုံးလအတွင်း ပြန်လည်ရရှိစေမည်ဟု ပြောခဲ့သော်လည်း မရရှိသေးကြောင်း ပြည်သူများက ပြောကြားလျက်ရှိသည်။ ကိုးလတာ ကြာမြင့်ပြီဖြစ်သော်လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များ တိုးတက်မှုသည် အနည်းငယ်မျှသာဖြစ်ကြောင်း အင်အိပ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

အင်အိပ်ချ်ကေ။

လုံခြုံရေး စောင့်ကြပ်

ဇန်နဝါရီ ၆ ရက်က ဘဂ္ဂဒက်မြို့တော်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂဌာနချုပ်၌ အီရတ်ခေါင်းဆောင်ပိုင်းနှင့် ဆွေးနွေးပွဲ အမေရိကန်က ဝါရှင်တန်ကိုယ်စားလှယ်စေလွှတ်မည်ဟု ကိုဖီအာနန် မျှော်လင့်

ကုလသမဂ္ဂ ဇန်နဝါရီ ၆

လာမည့်ရက်အနည်းငယ်အတွင်း အီရတ်ခေါင်းဆောင်ပိုင်းနှင့် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် ဆွေးနွေးပွဲသို့ အမေရိကန်ဝါရှင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ တက်ရောက်လိမ့်မည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အင်္ဂါနေ့တွင် ပြောကြားသည်။

မဆုံးဖြတ်ရသေး

သို့ရာတွင် အဆိုပါဆွေးနွေးပွဲသို့ မည်သည့်အဆင့် ပါဝင်တက်ရောက်မည်ကို အမေရိကန်က မဆုံးဖြတ်ရသေးကြောင်း အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်က ယူပီအိုင် သတင်းဌာနသို့ ပြောကြားသည်။

အီရတ်အုပ်ချုပ်ရေးကောင်စီနှင့် ကုလသမဂ္ဂတို့အတွက် ယင်းအစည်းအဝေး ကျင်းပရေးသည် အလွန်အရေးပါသည်ဟု မိမိတို့ ယူဆကြောင်းနှင့် မိမိတို့က ယင်းဆွေးနွေးပွဲကို ထောက်ခံမည်ဖြစ်ကြောင်း၊ ယင်းဆွေးနွေးပွဲနှင့် ပတ်သက်၍ ပိုမိုသိရှိလိုကြောင်း ၎င်းက ပြောကြားသည်။ ကုလသမဂ္ဂအနေဖြင့် အီရတ်အရေးတွင် ပါဝင်လှုပ်ရှားနိုင်မည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးရန် အဆိုပါဆွေးနွေးပွဲ ကျင်းပရေးကို အာနန်က လွန်ခဲ့သည့်လက ကြိုးပမ်းအားထုတ်ခဲ့သည်။

ကုလသမဂ္ဂ၌ ကျင်းပမည့် ဆွေးနွေးပွဲသို့ ဇန်နဝါရီလအတွက် အီရတ်အုပ်ချုပ်ရေးကောင်စီ အိုင်ဂျီစီဥက္ကဋ္ဌ အက်နန်ပါချာချီ၊ လွန်ခဲ့သည့်လ အိုင်ဂျီစီဥက္ကဋ္ဌဖြစ်လာမည့် အဗ္ဗဒယ်အဇစ်အယ်ဟာသ်နှင့် ဖေဖော်ဝါရီအတွက် အိုင်ဂျီစီဥက္ကဋ္ဌ ဖြစ်လာမည်ဟု မျှော်လင့်ရသူ ကာဒစ္စတန်ဒီမိုကရက်တစ်ပါတီမှ မာဆွတ်ဘာဇာနီတို့ တက်ရောက်မည်ကို မျှော်လင့်ရကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒီဇင်ဘာလတွင် ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် ဆွေးနွေးပွဲသို့ မည်သည့်အဆင့် တက်ရောက်မည်ကို အင်္ဂါနေ့တွင် သတင်းထောက် များက မေးမြန်းရာ ကိုဖီအာနန်က အမေရိကန်အစိုးရသည် ဝါရှင်ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို စေလွှတ်မည်ဟု မျှော်လင့်ရကြောင်းသာ ပြန်လည်ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး ကားပေါ်မှပစ်ခတ်သွားသည့်အတွက် ပြင်သစ်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၇

အီရတ်နိုင်ငံမှ မငြိမ်မသက်ဖြစ်နေသည့် ဖော်လူဂျာမြို့အနီးတွင် ပြင်သစ်နိုင်ငံသား နှစ်ဦးသေဆုံးခဲ့ကြောင်း ပြင်သစ်နိုင်ငံက ထုတ်ပြန်ကြေညာသည်။ ထိုအတောအတွင်း အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ ဆိပ်ကမ်းမြို့တွင် ဆက်ဒမ်ဟူစိန်၏ တပ်ဖွဲ့ဝင်ဟောင်းများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်တို့ အဓိကရုဏ်းဖြစ်ပွားခဲ့သည်။

မတည်မငြိမ်ဖြစ်နေသည့် ဖော်လူဂျာမြို့တွင် ကားပေါ်မှ ပစ်ခတ်မှုကြောင့် ပြင်သစ်နိုင်ငံသား နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟာဗီလက်ဆော့ဒ်က ပါရီမြို့တွင် အင်္ဂါနေ့က ပြောကြားသည်။ အဆိုပါ ပြင်သစ်နိုင်ငံသားများမှာ ဘဂ္ဂဒက်မြို့တွင်းနှင့် အနီးတစ်ဝိုက် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့် အမေရိကန် ကုမ္ပဏီများအတွက် ဆောင်ရွက်နေသူများဖြစ်ကြောင်း လက်ဆော့ဒ်က သတင်းထောက်များအား ပြောကြားသည်။ ၎င်းတို့ စီးနင်းလိုက်ပါသည့် ကားသည် ဘဂ္ဂဒက်မြို့ အနောက်ဘက် ဖော်လူဂျာမြို့အနီးတွင်စက်ပျက်သွားခဲ့ကြောင်း၊ အဆိုပါကားကို ကျော်ဖြတ်သွားသည့် ယာဉ်တစ်စီးပေါ်မှ လိုက်ပါသူများက ပစ်ခတ်ခဲ့ရာ ပြင်သစ်နိုင်ငံသား နှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သံတမန်များက ပြောကြားသည်။

အင်တာနက်။

အင်္ဂါဂြိုဟ်ဆင်းယာဉ်ဆင်းသက်ပြီးနောက် ဓာတ်ပုံများ ပေးပို့

ဝါရှင်တန် ဇန်နဝါရီ ၆

နာဆာမှ လွှတ်တင်ခဲ့သည့် အင်္ဂါဂြိုဟ်ဆင်းယာဉ် စပရစ်သည် စနေနေ့က အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ပြီးနောက် တနင်္ဂနွေနေ့က စတင်ပြီး ဓာတ်ပုံများ ပေးပို့ခဲ့သည်။ စပရစ်မှာ တပ်ဆင်ထားသည့် စပရက်ထရိုမီတာသည် ဂျာမနီလူမျိုးတစ်ဦးက တီထွင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကိရိယာက အင်္ဂါဂြိုဟ်၏ ကျောက်သားများအတွင်း သံသတ္တုနှင့် ရေကဲ့သို့ အရေးကြီးဓာတ်ပစ္စည်းများ ပါဝင်မှုရှိ၊ မရှိကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။

ရေ ရှိ၊ မရှိ

သီအိုရီအရ အင်္ဂါဂြိုဟ်သည် လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာက ယခုကဲ့သို့ ခြောက်သွေ့မနေဘဲ စိုစွတ်ပူနွေးနေခဲ့ကြောင်း တင်ပြခဲ့ရာ အဆိုပါအချက်က သက်ရှိများ အင်္ဂါဂြိုဟ်ပေါ်တွင် တည်ရှိနေနိုင်သည်ဆိုသည့် အချက်ကို ဖော်ပြနေသည်။ ထို့ကြောင့် သုတေသီများက အင်္ဂါဂြိုဟ်ပေါ်တွင် ရေ ရှိ၊ မရှိ စူးစမ်းလိုခြင်းဖြစ်သည်။

စပရစ်သည် ၎င်းဆင်းသက်ရာ အနီးတစ်ဝိုက်ရှိ အင်္ဂါဂြိုဟ်မျက်နှာပြင်အနေအထားကို အဖြူအမည်းပုံများအဖြစ် ဓာတ်ပုံရိုက်ယူပြီး ကမ္ဘာမြေပြင်သို့ ပြန်လည်ပေးပို့လျက်ရှိသည်။

စပရစ်သွားလာရာတွင် လမ်းကြောင်းပြအဖြစ် အသုံးပြုသည့်ကင်မရာကို အသုံးပြုရိုက်ကူးခြင်းဖြစ်ကာ ရောင်စုံဓာတ်ပုံများမပေးပို့နိုင်သေးဘဲရှိသည်။ စပရစ်သည် ရွေ့လျားရာတွင် စွမ်းအင်ရရှိရေးအတွက် နေစွမ်းအင်အသုံးပြုကိရိယာများ တပ်ဆင်ထားသည်။ အင်္ဂါဂြိုဟ်ပေါ်တွင် သွားရောက်လေ့လာရန် နေရာများအနက် ဂြိုဟ်သိမ်၊ ဂြိုဟ်မွှားများကျရောက်ခဲ့ဖွယ်ရှိသည့် နေရာများကိုလည်း သွားရောက်လေ့လာမည်ဖြစ်သည်။ ထို့အပြင် စလီပီဟော်လိုးဟု ခေါ်သည့် အနက်စက်နှစ်ခုကိုလည်း သွားရောက်လေ့လာမည်ဖြစ်ကာ မီတာ ၅၀ အကွာအဝေးကို လေးရက်ခန့်ကြာမြင့်အောင်သွားရမည်ဖြစ်သည်။

စီအင်န်အင်န်။

ဇန်နဝါရီ ၆ ရက်က အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆရာမြို့တွင် အီရတ်နိုင်ငံသားများနှင့် ဗြိတိသျှ တပ်ဖွဲ့ဝင်များ ရန်းရင်းဆန်ခတ်ဖြစ်ပွားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်စခန်းကို မော်တာစိန်ပြောင်းများဖြင့်ပစ်ခတ် အမေရိကန်တပ်ဖွဲ့ဝင် ၃၅ဦး ဒဏ်ရာရဟု ကြေညာချက်တွင်ဖော်ပြ

ဘဂ္ဂဒက် ဇန်နဝါရီ ၈

အမေရိကန်ဆန့်ကျင်ရေး ခုခံတွန်းလှန်ရေးသမားများသည် ဗုဒ္ဓဟူးနေ့ညက အမေရိကန်စစ်စခန်းတစ်ခုကို မော်တာစိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၃၅ ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဌာနချုပ်က ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

မြို့တော်ဘဂ္ဂဒက် အနောက်ဘက်ရှိ အမေရိကန်တပ်ဖွဲ့၏ ထောက်ပံ့ပို့ဆောင်ရေး အခြေစိုက်စခန်းကို ဗုဒ္ဓဟူးနေ့ည ၆:၄၅နာရီတွင် မော်တာစိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ စိန်ပြောင်းကျည်ခြောက်လုံး ကျရောက်ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ထိခိုက်ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်များမှာ အမေရိကန် အမှတ်(၅၄၁) ပြုပြင်ထိန်းသိမ်းရေးတပ်ရင်းနှင့် အမှတ်(၃) ထောက်ပံ့ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များဖြစ်ကြသည်။

အင်တာနက်။

အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များက အီရတ်လူမျိုး ကိုးထောင်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ ထိန်းသိမ်းခံနေရသူများ၏ မိသားစုများက အမေရိကန်တပ်ဖွဲ့များအပေါ် ဒေါသဖြစ်လျက်ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၇

အီရတ်နိုင်ငံတွင် အီရတ်ပြည်သူ ထောင်ပေါင်းများစွာတို့သည် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းမှုကို ခံခဲ့ရသည်။ ၎င်းအထိန်းသိမ်းခံ အီရတ်ပြည်သူများကို ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ပြုမူဆက်ဆံ ထိန်းသိမ်းထားကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များက ပြောကြားနေသော်လည်း ယင်းမှာ မမှန်ကန်ကြောင်း၊ မိမိတို့ မိသားစုများထဲမှ အနည်းဆုံးတစ်ဦး ဖမ်းဆီးခံခဲ့ရပြီး သောကမီး တောက်လောင်နေသည့် အီရတ်မိသားစုဝင်များက ပြောကြားလျက်ရှိကြောင်း သိရှိရသည်။

အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့သော အီရတ်လူမျိုး အနည်းဆုံး ကိုးထောင်ထဲမှ တစ်ဦးအပါအဝင်ဖြစ်သည့် ဂျာဆင် မိုဟာမက်အယ်လ်ဆာလားသည် အမေရိကန်တို့ ဖမ်းဆီးထားခံခဲ့ရပြီးနောက် လွန်ခဲ့သည့် လေးလကျော်က သေဆုံးသွားခဲ့ကြောင်း၊ ၎င်း၏ မိသားစုသည် ဘဂ္ဂဒက်မြို့တွင် အယ်လ်ဆာလား၏ ရုပ်အလောင်းကို ရှာဖွေခဲ့ကြပြီး အမေရိကန်တို့အပေါ်မှာလည်း များစွာဒေါသဖြစ်ခဲ့ကြကြောင်း သိရှိရသည်။

အမေရိကန်တို့ကမူ အယ်လ်ဆာလားသည် နှလုံးရောဂါဖြင့် သေဆုံးသွားခြင်းဖြစ်သည်ဟု သေစာရင်းမှာ ဖော်ပြခဲ့ကြောင်း၊ သို့ရာတွင် ၎င်း၏ မိသားစုက အယ်လ်ဆာလားသည် ညှဉ်းပန်းနှိပ်စက်ခြင်းခံရမှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု စွပ်စွဲပြောကြားနေသည်ကို အမေရိကန်တို့က ငြင်းဆိုလျက်ရှိသည်။

အမေရိကန်တို့သည် အယ်လ်ဆာလားကို လက်နက်ကိုင် ခုခံတိုက်ခိုက်သူအဖြစ် သတ်မှတ်ပြောကြားလျက်ရှိနေသော်လည်း အီရတ်ပြည်သူများကမူ ယင်းသို့ ပြောသည်ကို မယုံကြည်ကြကြောင်း၊ အယ်လ်ဆာလားသည် အသက် (၃၇)နှစ်အရွယ်ရှိ အိမ်ထောင်သည် လယ်သမားတစ်ဦးဖြစ်ကြောင်း ပြောကြားလျက်ရှိပြီး အမေရိကန်တို့၏ စွပ်စွဲချက်ကို လက်မခံဘဲ ဒေါသဖြစ်နေကြကြောင်း၊ နိုင်ငံတွင်း ပိုမိုဆိုးရွားနေသည့်အခြေအနေများကြောင့် အမေရိကန်တို့ကို အီရတ်နိုင်ငံတွင်းမှ ပြန်လည်ထွက်ခွာသွားစေလိုကြောင်း သိရှိရသည်။

အမေရိကန်တို့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး သေဆုံးသွားသည့် မိုဟာမက် အယ်လ်ဆာလား မိသားစုကဲ့သို့ပင် အခြားထိန်းသိမ်းခံနေရသည့် အီရတ်လူမျိုးများ၏ မိသားစုများသည်လည်း သောကအပူမီးများနှင့် ပိုမိုကြုံတွေ့နေကြရာ အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် ဒေါသဖြစ်လျက်ရှိကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

နီပေါနိုင်ငံတွင် အအေးလှိုင်းကျရောက် သေဆုံးသူ ၆၃ ဦးရှိ

ခတ္တမန္ဒူ ဇန်နဝါရီ ၇

နီပေါနိုင်ငံတွင် တနင်္လာနေ့က အအေးလှိုင်းကျရောက်မှုကြောင့် နီပေါနိုင်ငံသား ၁၁ ဦးထက်မနည်း သေဆုံးသွားရာ ယင်းနိုင်ငံတွင် သေဆုံးသူဦးရေ ၆၃ ဦးရှိသွားပြီဖြစ်ကြောင်း ခတ္တမန္ဒူပို့စ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြလိုက်သည်။

နီပေါနိုင်ငံ တောင်ဖျားပိုင်း တာရိုင်းဒေသ၏ ပုံမှန်လုပ်ငန်းဆောင်တာ ဆောင်ရွက်မှုအခြေအနေများ ရပ်တန့်ကုန်ပြီး မဟောတာရီခရိုင်တစ်ခုတည်းပင် အအေးလှိုင်းကျရောက်မှုကြောင့် လူငါးဦး သေဆုံးသွားကာ ရော်တာဟက်နှင့် မိုရမ်ခရိုင်များတွင် လူခြောက်ဦး သေဆုံးသွားကြောင်း အင်ဒီပင်းဒင့် အင်္ဂလိပ်သတင်းစာက ရေးသားသည်။

သေဆုံး

အများအားဖြင့် ဆင်းရဲနွမ်းပါးပြီး အသက်အရွယ်ကြီးရင့်သူများ၊ သို့တည်းမဟုတ် နာမကျန်းဖြစ်သူများ ပါဝင်သည့် အဆိုပါသေဆုံးသူ စုစုပေါင်း ၆၃ ဦးသည် ဆောင်းရာသီ အအေးလှိုင်းကျရောက်မှုဒဏ်ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ရပ်ဆိုင်း

ယင်းအအေးလှိုင်း ကျရောက်မှုကြောင့် နီပေါနိုင်ငံ တောင်ဖျားပိုင်းရှိ စိုက်ပျိုးရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့ရသည်။ လေဆိပ်များတွင် ရံဖန်ရံခါ နှင်းများ ထူထပ်သိပ်သည်းစွာ ကျရောက်မှုကြောင့် တာရိုင်းဒေသသို့ သွားလာမည့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်း၊ သို့မဟုတ် ရပ်ဆိုင်းထားရသည်ဟု ဆိုသည်။

ယင်းအအေးလှိုင်း ရတ်တရက် ရပ်ဆိုင်းသွားဖွယ်မရှိကြောင်း၊ နှင်းကျမှုနှင့် အအေးဒဏ် ခံစားနေရမှုများ ရက်ပေါင်းများစွာ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ တီကရစ်မြို့အနီးကျေးရွာတစ်ရွာတွင် ဇန်နဝါရီ ၄ရက်က စစ်ဆင်ရေးတစ်ရပ် ပြုလုပ်ရာ ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအား အီရတ်ကလေးငယ်များ လှောင်ပြောင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ်၌ ကမ္ဘာတစ်ဝန်း သတင်းစာဆရာ ၄၂ ဦးသေဆုံး အီရတ်စစ်ပွဲသတင်းယူသည့် သတင်းထောက် ၁၄ ဦးသေဆုံးခဲ့ရ

မဒရစ် ဇန်နဝါရီ ၇

၂၀၀၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် သတင်းစာဆရာ ၄၂ ဦး သေဆုံးခဲ့ရာ ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် အများဆုံး သေဆုံးမှုဖြစ်ပြီး ၎င်းတို့အနက် အီရတ်စစ်ပွဲသတင်းယူသည့် သတင်းထောက် ၁၄ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်းဖြင့် သတင်းထောက်များက အင်္ဂါနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

သတင်းထောက် ၁၂၄ ဦးသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရပ်တည်ချက်သဘောထားများကြောင့် နိုင်ငံအသီးသီးတွင် ထောင်ကျလျက်ရှိကြကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

သတင်းထောက်များအတွက် လွန်ခဲ့သည့်နှစ်အတွင်း ဘေးအန္တရာယ်အရှိဆုံး ဒေသသည် အရှေ့အလယ်ပိုင်းဒေသဖြစ်ခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသ အီရတ်စစ်ပွဲတွင် သတင်းထောက် ၁၄ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရခဲ့ကာ ပါလက်စတိုင်းဒေသတွင် ဓာတ်ပုံဆရာနှစ်ဦး သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ကြေညာချက်က ၂၀၀၃ ခုနှစ်အား ကြေကွဲဖွယ်ရာနှစ်အဖြစ် သတ်မှတ်လိုက်ပြီး ဖိလစ်ပိုင်သတင်းစာဆရာများအတွက် ၁၉၈၇ ခုနှစ်နောက်ပိုင်း အန္တရာယ်အကြီးဆုံး နှစ်ဖြစ်ကြောင်း ဖော်ပြထားသည်။ သတင်းစာဆရာ ခုနစ်ဦးက လာဘ်ပေး လာဘ်ယူပြုလုပ်မှုနှင့် မူးယစ်ဆေးဝါးဂိုဏ်းများအား ရှုတ်ချရေးသား ဖော်ပြမှုကြောင့် အသတ်ခံခဲ့ရကြောင်းကိုလည်း ဖော်ပြထားသည်။

နီပေါနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် သတင်းထောက်တစ်ဦးစီ သေဆုံးပြီး အိန္ဒိယနိုင်ငံတွင် သုံးဦးသေဆုံးခဲ့သည်။ အီရန် ကနေဒါနိုင်ငံသားတစ်ဦး အီရန်နိုင်ငံတွင်လည်းကောင်း ကုတ်ဒီအိုင်ဗရီဒေသတွင် နှစ်ဦး သေဆုံးခဲ့ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၁၇ ဦး အီရတ်သို့သွားရန် ငြင်းဆန် ငြင်းဆန်သူ ဘူဂေးရီးယားတပ်ဖွဲ့ဝင် စုစုပေါင်း ၄၇ ဦးရှိပြီ

ဆိုဖီယာ ဇန်နဝါရီ ၇

နောက်ထပ် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၁၇ ဦးတို့သည် အီရတ်နိုင်ငံသို့ သွားရောက်ရန် ငြင်းဆန်ထားရာ အီရတ်နိုင်ငံသို့ သွားရောက်ရန် ငြင်းဆန်သည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၄၇ ဦးရှိသွားပြီဖြစ်ကြောင်း ဘူဂေးရီးယား ကာကွယ်ရေးဝန်ကြီး နီကိုလိုင်စဗီနာရော့ဗ်က အင်္ဂါနေ့တွင်ပြောကြားသည်။

ကာဇန်လက်ငြိမ်းချမ်းရေးထိန်းသိမ်းမှုစခန်းသို့ ကြည့်ရှုစစ်ဆေးပြီးနောက် ဘူဂေးရီးယား ကာကွယ်ရေးဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်ဟု ဘူဂေးရီးယား တယ်လီဂရပ်ဖ် အေဂျင်စီက ပြောကြားသည်။

အီရတ်နိုင်ငံတွင် တပ်စွဲထားသည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၅၀၀ ခန့်သည် ဇန်နဝါရီလလယ်တွင် ပထမဆုံး အကြိမ်အဖြစ် အလှည့်ကျ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၄၇ ဦးက အီရတ်သို့ သွားရောက်ရန် ငြင်းဆန်မှုသည် အီရတ်နိုင်ငံရှိ ဘူဂေးရီးယား ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်တစ်ခုလုံးကို ထိခိုက်စေမည်မဟုတ်သော်လည်း အခက်အခဲများဖြစ်စေနိုင်ကြောင်း ဆဗီနာရော့ဗ်နှင့်အတူ လိုက်ပါသွားသည့် ဝါရင့်အရာရှိတစ်ဦးက ပြောကြားသည်။

လက်နက် ကိရိယာပစ္စည်းများ တိုးတက်ကောင်းမွန်စေရန်နှင့် အီရတ်ရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးခိုင်မာစေရန် ဘူဂေးရီးယား စစ်ဘက်ဆိုင်ရာတို့က လိုအပ်သည့် အစီအစဉ်များကို ဆောင်ရွက်နေကြောင်း ဘူဂေးရီးယား ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ လမ်းဘေး ထောင်ထားသည့် ဗုံးပေါက်ကွဲ အမေရိကန် တပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အီရတ်နိုင်ငံတွင် ဆက်လက်တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်လက်နက်ကိုင်များက တိုက်ခိုက်လျက်ရှိရာ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာအဝေး၌ လမ်းဘေး ထောင်ထားသည့် ဗုံးတစ်လုံး ပေါက်ကွဲသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

၎င်းတပ်ဖွဲ့ဝင်များသည် အမေရိကန် အစိုးရနှင့် ပတ်သက်သည့် ကန်ထရိုက်လုပ်ငန်းရှင်များကို စောင့်ရှောက်ကာကွယ်ရန် တာဝန်ယူထားသည့် အမေရိကန် စစ်ဘက်ယာဉ်တန်းမှ တပ်ဖွဲ့ဝင်များဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အမေရိကန် ကယ်ဆယ်ရေးအဖွဲ့ လာရောက်မှုကို ခွင့်မပြုသည့် အီရန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ရှင်းလင်းပြောကြား

တီဟီရန် ဇန်နဝါရီ ၆

မြေငလျင်ဒဏ်ခံနေရသူများကို အမေရိကန်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ လာရောက်ခြင်းကို ခွင့်မပြုသည့် အီရန်အစိုးရ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး အီရန် အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲဖြစ်သူ အယာတိုလာဟာဆင် ယူဟာနီက ရှင်းလင်းပြောကြားခဲ့သည်။

ဘမ်မြို့ရှိ ဒေသတွင်းအခြေအနေများ၊ လူမှုရေးဆိုင်ရာအခြေအနေများနှင့် ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်နေမှုကြောင့် ယခုကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဥရောပဒေသရှိ နိုင်ငံအများအပြားမှ ကြက်ခြေနီအဖွဲ့များသည် ဘမ်မြို့တွင် ဆေးရုံတည်ဆောက်ခဲ့ရာ လူနာအများအပြားသည် တနင်္ဂနွေနေ့က ဆေးရုံသို့ လာရောက်ပြသခဲ့သည်။

စီအင်န်အင်န်။

အီရတ်နိုင်ငံ တီကရစ်မြို့တွင် ကားဖြင့် ကင်းလှည့်လာသည့် အမေရိကန် ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသားများ ဝိုင်း၍ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ

ရန်ကုန် ဇန်နဝါရီ ၈

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဖန်ခါးကုန်း၊ သလွဲတော်၊ ကျူပိုင်း၊ ကျူစောက်ကျေးရွာများတွင် ပြာသိုလပြည့်ကျော် ၃ ရက်မှ တပို့တွဲလဆန်း ၂ ရက်ထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးဝိသုဒ္ဓအရှင်သူမြတ်နှင့် ဆရာဦးသန့်ဇင်(အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပြူးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြင့်

မွေးရာပါ-အမြုတေ လွတ်လပ်ခြင်းသည် မြန်မာ့အမွေ

ခြင်ကျား(မအူပင်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာတွင် **“ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ်ရပ်တည်နိုင်ခဲ့သော နိုင်ငံဖြစ်ပေသည်”** ဟု ဖော်ပြခဲ့လေသည်။ မျက်မှောက်ကာလ၌ လူတူပုရိုင်းမိတ်တို့ကို တွေ့ရှိသက်သေပြချက်အရ မြန်မာနိုင်ငံသည် လူသားမျိုးနွယ်တို့ အစောဆုံးဖြစ်ထွန်းရာဒေသဟု ဖော်ပြလျက်ရှိပေသည်။ ထို့ကြောင့်ပင် လွတ်လပ်ခြင်းသည် မြန်မာနိုင်ငံ၏ မွေးရာပါဟုလည်း ဆိုထိုက်ပေသည်။

အေဒီ ၈၀၁-၈၀၂ လောက်တွင် မြန်မာနိုင်ငံမှပျူမင်းတစ်ပါးသည် နန်ချိုမှတစ်ဆင့် တရုတ်ပြည်သို့ သံတမန်စေလွှတ်ခဲ့သည်။ တရုတ်ပြည်ကို မွန်ဂိုတို့မသိမ်းပိုက်မီ ဆွန်မင်းဆက်(Sung Dynasty)လက်ထက်၌ ပုဂံပြည် ကျန်စစ်သားမင်းကြီးထံမှ သံအဖွဲ့စေလွှတ်ခဲ့ရာ တရုတ်ပြည်က ကောင်းစွာကြိုဆိုခြင်းပြုရုံမက အချုပ်အခြာအာဏာပိုင် ထီးဆောင်းမင်းတို့နှင့်လျော်ညီသော အဆောင်အယောင် အခမ်းအနားအပြည့်အစုံဖြင့် ဧည့်ဝတ်ပြုခဲ့ပေသည်။

ပျူခေတ်မှသည် ပထမမြန်မာနိုင်ငံတော်ဖြစ်သော ပုဂံခေတ်တိုင် မြန်မာတို့သည် လွတ်လပ်ခြင်းနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ငြိမ်းချမ်းဝပြောစွာ၊ သာယာစည်းလုံးစွာ နေထိုင်ခဲ့ကြသည်။ ၁၃ ရာစုတွင် ပထမနယ်ချဲ့သမားဖြစ်သော မွန်ဂိုတို့သည် တရုတ်ပြည်ကိုသိမ်းပိုက်ပြီးနောက် ၁၂၇၈ခုနှစ်တွင် တရုတ်-မြန်မာ နယ်စပ်အနီး ဗန်းမော်ပတ်ဝန်းကျင်ကို ကျူးကျော်ခဲ့သည်။ ၁၂၈၃ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့တွင် ငဆောင်ချမ်း၊ ၉ရက်နေ့တွင် ကောင်းစင်၊ ၁၂၈၄ ခုနှစ် ဇန်နဝါရီလတွင် တကောင်း စသည်ဖြင့် မွန်ဂိုနယ်ချဲ့တို့၏ လက်အောက်ကျရောက်ခဲ့သည်။

အသင်္ခယာ၊ ရာဇသင်္ကြန်၊ သီဟသူမည်သော ရှမ်းတိုင်းရင်းသားညီနောင်သုံးဦးတို့ ဦးဆောင်သော တိုင်းရင်းသားတို့၏ စည်းလုံးမှုဖြင့် ကျူးကျော်သူမွန်ဂိုတို့အား မောင်းထုတ်၍ ပင်းယခေတ်ဟူသော လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုကို ပြန်လည်တည်ထောင်ခဲ့သည်။ ပင်းယ၊ တောင်ငူမှသည် ဒုတိယမြန်မာနိုင်ငံတော်ကာလအထိ မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုကို အခြေခံသော အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် မားမားမတ်မတ်ရပ်တည်ခဲ့သည်။

၁၆ ရာစုတွင် ပေါ်တူဂီလူမျိုး ဖီးလစ်ဒီဘရစ်တို(ခေါ်)ငဇင်ကာသည် ဟံသာဝတီနှင့် တောင်ငူ၊ ရခိုင်နှင့်ဟံသာဝတီ စည်းလုံးညီညွတ်ရေး ပြိုကွဲမှုကို အခြေခံ၍ မြန်မာနိုင်ငံကို ကိုလိုနီပြုရန်ကြိုးပမ်းခဲ့ပြန်သည်။ သန်လျင်မြို့ကို ခြေကုတ်ယူ၍ မြန်မာ့သာသနာ ယဉ်ကျေးမှုများဖြစ်သော ဒဂုံ၊ ဟံသာဝတီတစ်ဝိုက်ရှိ စေတီပုထိုးတို့မှ ဌာပနာတိုက်များကို ဖောက်ဖျက်ယူငင်သည်။ ထိုဒေသတစ်ဝိုက်ရှိ မြန်မာလူမျိုးတို့အထွတ်အမြတ်ထား လှူဒါန်းထားခဲ့သော ကြေးခေါင်းလောင်းများကို ဖြုတ်၍ အရည်ကျို အမြောက်များသွန်းလျက် စစ်လက်နက်တည်ဆောက်ခဲ့သည်။

၁၅၀၃ခုနှစ်တွင် ဘော်လော့နာ(BOLOGNA)မြို့သား၊ လူဒိုဗီကို ဒီဗာသမား (Ludovico Di Varthema)သည် ဟံသာဝတီနှင့် ပဲခူးကိုရောက်ခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီး တည်ထားခဲ့သော ကမ္ဘောဇသာဒီ ဟံသာဝတီနန်းတော်ကြီးကား အလွန်ကြီးကျယ်ခမ်းနားသည်။ နန်းတော်ကြီး၏ အညံ့ဆုံးအပိုင်းပင်လျှင် ရွှေသားဖြင့် ပြီး၏ဟု ချီးကျူးခဲ့ဖူးသည်။ ထိုမျှခမ်းနားထည်ဝါသော ဒုတိယမြန်မာနိုင်ငံတော်၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးမှာ ပေါ်တူဂီ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

အနောက်ဘက်လွန်မင်းတရားကြီး ဦးဆောင်သော မြန်မာ့တပ်မတော်က အသက်သွေးစတေး၍ ပေါ်တူဂီကျူးကျော်ရေးသမားများကို အောင်နိုင်ပြီး နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြန်လည်တည်ထောင်ခဲ့ရလေသည်။ တတိယမြန်မာနိုင်ငံတော်ကြီးကို အလောင်းဘုရားဦးဆောင်သော မြန်မာတပ်မတော်က ခမ်းနားထည်ဝါစွာ ပြန်လည်တည်ထောင်ခဲ့သည်။

၁၆၂၇ခုနှစ်တွင် ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် မြန်မာနိုင်ငံ၏ ရေမြေသယံဇာတပေါကြွယ်ဝမှုအပေါ် မျက်စိကျခဲ့ပြန်သည်။ မြန်မာနိုင်ငံအတွင်း သူ့ထက်ငါ ရင်းနှီးမြှုပ်နှံရေးကိစ္စကို ကြိုးပမ်းခဲ့ကြသည်။

ထို့နောက် နယ်ချဲ့ဗြိတိသျှတို့၏ အရှေ့အိန္ဒိယကုမ္ပဏီသည် မြန်မာနိုင်ငံကို ပြင်သစ်တို့ထက် လက်ဦးမှုရယူ ကျူးကျော်သိမ်းပိုက်ရန် ဆန္ဒပြင်းပြခဲ့သည်။ ၁၈၂၄ခုနှစ်တွင် လော့ဒ်အမ်းဟတ်စ် (Lord Amherst) က မြန်မာနိုင်ငံကို စစ်ကြေညာ၍ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲစတင်ဖြစ်ပွားခဲ့သည်။ ဗြိတိသျှတို့နှင့် ရင်ဆိုင်ရသော အာသံမဏိပူရ စစ်တကောင်းစသည့် အရှေ့ပိုင်းစစ်မျက်နှာတွင် ဗမာတို့နှင့် အတူ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင်၊ မွန်စသည့် တိုင်းရင်းသားများ ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့ကြသည်။ တနင်္သာရီ၊ မုတ္တမ၊ ပဲခူး၊ ရန်ကုန် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ပြည်စသည့် အနောက်ပိုင်းစစ်မျက်နှာတွင် ကရင်နှင့်မွန်တိုင်းရင်းသားများ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရှမ်းတိုင်းရင်းသားများလည်း ပူးပေါင်းတိုက်ခိုက်ခဲ့ကြရာ ရှမ်းတိုင်းရင်းသူများပင် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ကြကြောင်း ဝက်ထီးကန်တိုက်ပွဲအတွေ့အကြုံကို ရေးသားခဲ့သော ဗြိတိသျှလူမျိုး မေဂျာစနော့ဒ်ဂရက်စ်၏ မှတ်တမ်းတွင် အထင်အရှား တွေ့ရသည်။

၁၈၂၆ခုနှစ် ဖေဖော်ဝါရီလတွင် ရန္တပိုစာချုပ်အရ အာသံ၊ မဏိပူရ၊ ရခိုင်နှင့်တနင်္သာရီနယ်များ ဗြိတိသျှလက်အောက်သို့ သွတ်သွင်းခြင်းခံရသည်။ ထိုဒေသမှ ကရင်၊ ဗမာ၊ မွန်၊ ရခိုင်စသည့် တိုင်းရင်းသားများသည် လူသူလက်နက်စုဆောင်း၍ နယ်ချဲ့ဗြိတိသျှကို ခုခံတွန်းလှန်ခဲ့ကြသည်။

၁၈၅၂ခုနှစ် ဧပြီလတွင် ဗြိသိသျှတို့က မြန်မာ့နယ်မြေများကို ထပ်မံထိပါးတိုက်ခိုက်သဖြင့် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲ ဖြစ်ပွားခဲ့ရပြန်သည်။ ၁၈၅၂ ခုနှစ် အောက်တိုဘာလတွင် မုတ္တမ၊ ပဲခူး၊ ရန်ကုန်၊ ပြည်နှင့်ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသများ ဗြိတိသျှလက်တွင်းသို့ ကျဆင်းသွားရပြန်သည်။ ဗြိတိသျှလက်အောက်ကျရောက်သွားသော ဒေသများမှ ကရင်၊ ဗမာနှင့် မွန် တိုင်းရင်းသားများ ပူးပေါင်းကာ ရရာလက်နက်ကိုင်စွဲခုခံ စစ်ပွဲဆင်နွှဲခဲ့ကြသည်။

၁၈၈၅ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွား၍ ၁၈၈၅ခုနှစ် နိုဝင်ဘာလတွင် မန္တလေးနေပြည်တော် ဗြိတိသျှလက်အောက်ကျရောက်ခဲ့ရသည်။ ငမောက်ပတ္တမြားကြီးအပါအဝင် မြန်မာ့ရတနာများ၊ ဘုရင်နှင့် ဘုရင့်မိသားစုပိုင် ရတနာပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

မြန်မာမင်းပိုင် ပိဋကတ်တိုက် စာကြည့်တိုက်တွင် သိမ်းဆည်းထားသော မြန်မာ့ယဉ်ကျေးမှု မှတ်တမ်းများဖြစ်သည့် ပေ၊ ပုရပိုက်၊ မော်ကွန်းများမှန်သမျှ လုယက်မီးရှို့ခြင်းကို ခံခဲ့ရသည်။ ရွှေနန်းတော်ကြီး၏ ရင်ပြင်တစ်ခုလုံး၌ ပေ၊ ပုရပိုက်တို့ ဖရိုဖရဲပြန့်ကြဲနေပြီး အချို့ကို မီးတင်ရှို့ခဲ့ကြကြောင်း တွေ့ရသည်ဟု မျက်မြင်တွေ့ရှိသူများ မှတ်တမ်းပြုစုခဲ့ကြသည်။ နောက်ဆုံး “တောင်ခွင်မင်းကြီး”က လွှတ်ရုံစာရေး ဦးမြဲကို ကာနယ်စလေဒင် Colnel E. B Sladen ထံ စေလွှတ်ပြီး ပေ၊ ပုရပိုက်များ ဖျက်ဆီးခြင်းကို ကန့်ကွက်အရေးဆိုခဲ့သည်ဟု သိရှိခဲ့ရသည်။

သီပေါမင်းလက်ထက် ပိဋကတ်တော်အုပ် ဦးသံ၏ ပိဋကတ်တော်သမိုင်းစာတမ်းစာစုစာရင်း၌ ကျမ်း၊ ပေ၊ ပုရပိုက်များအပြင် စာအုပ်ပေါင်း ၂၀၄၇အုပ်ရှိကြောင်း ပိဋကတ်၊ အဋ္ဌကထာ၊ ဋီကာ၊ သဒ္ဒါ၊ အဘိဓာန်၊ ဆန်းလင်္ကာ၊ ဝတ္ထု၊ ဆေးဓမ္မသတ်၊ ပျို့၊ ကဗျာ၊ အလင်္ကာ၊ ရာဇဝင်ပညာရပ် အမျိုးအစားပေါင်း ၃၆မျိုးရှိကြောင်း ဖော်ပြထားသည်။

နယ်ချဲ့အင်္ဂလိပ်တို့က အိန္ဒိယအတွင်းဝန်ရုံး ပိဋကတ်တိုက်သို့ ပေစာ၊ ပုရပိုက် ၁၁၅၀ကို ပေးပို့ခဲ့ကြောင်း သိရသည်။ ပရောဖက်ဆာဖက်ဘောလ် (Professor Fausboll)က မြန်မာနိုင်ငံမှပေးပို့သည့် ပေ၊ ပုရပိုက်များအနက် လမ်းတွင် ရှစ်ရာခန့်ပျောက်ဆုံးခဲ့သည်ဟု မှတ်တမ်းတင်ရေးသားထားသည်။

ဤကား နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြိုကွဲသောအခါ ကြုံတွေ့လေ့ရှိသော ဆိုးကျိုးများပင်ဖြစ်သည်။ ထို့ကြောင့်ပင် နေပြည်တော်ကျဆုံးခဲ့ပြီးနောက် အရွယ်ရောက်သူ ပြည်ထောင်စုဖွား တိုင်းရင်းသားမှန်သမျှ လက်နက်စွဲကိုင်၍ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။ မြေထဲ၊ သရက်၊ ညောင်ဦး၊ မြင်းခြံ၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ဆည်စသည့် မြန်မာပြည်အလယ်ပိုင်းဒေသကြီးတစ်ခုလုံး နယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲများကို ခြိမ့်ခြိမ့်သဲဆင်နွှဲခဲ့ကြသည်။

မြန်မာတို့သည် နယ်ချဲ့ဗြိတိသျှတပ်များကို တွေ့ရာနေရာတွင်ရဲဝံ့စွာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသကဲ့သို့ ရှမ်းတိုင်းရင်းသားများကလည်း မြေပြန့်ကို ဆင်းကာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြသည်။ လက်နက်ကိုင်တော်လှန်ရေး ကြာညောင်းလာသောအခါ လက်နက်အင်အားချင်း မယှဉ်သာသောကြောင့် ဗမာနှင့် ရှမ်းတိုင်းရင်းသား နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများသည် တောတောင်ထူထပ်ရာဒေသများသို့ တဖြည်းဖြည်းဆုတ်ခွာ၍ ခုခံခဲ့ကြပြန်သည်။ ထိုအရပ်ဒေသမှ တိုင်းရင်းသားများသည် မြေပြန့်မှ ဆုတ်ခွာလာကြသော မျိုးချစ်အင်အားစုများနှင့် အတူပူးပေါင်း၍ နယ်ချဲ့တို့ကိုတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

ကယားတောင်တန်း၊ ကချင်တောင်တန်း၊ ချင်းတောင်တန်းနှင့်ရှမ်းတောင်တန်းကြီးများတွင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ တောမီးပမာပျံ့နှံ့၍ အရှိန်အဟုန်ပြင်းစွာ ဖြစ်ပွားခဲ့သည်။

ကယားတောင်တန်းတွင် စောလဖော်နှင့် ထွတ်လူခေါင်းဆောင်သော ကယားတိုင်းရင်းသားများနှင့် ရှမ်းတိုင်းရင်းသားများက ပူးပေါင်းတိုက်ခိုက်ခဲ့သည်။

ကချင်တောင်တန်းတွင် ဖုံကန်ဒူဝါ၊ ဆမားဒူဝါ၊ ဂရားဒူဝါ၊ သဖာဒူးဝါနှင့် ဆဒုံဒူဝါတို့ခေါင်းဆောင်သော ကချင်တိုင်းရင်းသားများ၊ ဦးခမ်းလှိုင်၊ စောရန်ပိုင်နှင့် ဦးအောင်မြတ်တို့ဦးဆောင်သော ရှမ်း၊ ဗမာ၊ ကချင်တိုင်းရင်းသားများက ဇာတိမာန် တက်ကြွစွာ နယ်ချဲ့တို့ကို တိုက်ခိုက်ခဲ့ကြသည်။ ချင်းတောင်တန်းနှင့် ချင်းတွင်းမြစ်ညာ ဝဲယာဒေသတို့တွင် ရွှေချို့ဖြူမင်းသားခေါင်းဆောင်သည့် ဗမာတိုင်းရင်းသားများနှင့် “ကြွန်ဘိခ်” ဦးဆောင်သော ချင်းတိုင်းရင်းသားများ၊ ဦးတက်၊ ဦးပြား ဦးဆောင်သော ရှမ်းနှင့် ဗမာတိုင်းရင်းသားများက နယ်ချဲ့တို့ကို ခုခံတိုက်ခိုက်ခဲ့ကြသည်။

တောင်တန်းတွင် မြင်စိုင်းမင်းသား၊ လင်းပင်မင်းသား၊ ကျိုင်းတုံစော်ဘွားနှင့် ရပ်စောက်စော်ဘွားဦးဆောင်သော ရှမ်းတိုင်းရင်းသားများနှင့် စောမဟာ၊ နော်ခမ်းဦး ဦးဆောင်သော “ဝ” တိုင်းရင်းသားတို့သည် အေးအတူပူအမျှဥမကွဲ သိုက်မပျက်စိတ်ဓာတ်ဖြင့် နယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ ဗြိတိသျှတို့က ချင်းတောင်တန်းကို မတိုက်ခိုက်စေလိုလျှင် ရွှေချို့ဖြူမင်းသားအား ဖမ်းဆီးအပ်နှံရမည်ဟူသော ကမ်းလှမ်းချက်ကို ချင်းတိုင်းရင်းသားများက ပယ်ချခဲ့သည်။ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ နောက်ပိုင်းတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ သူ့ကျွန်မခံလိုသော စိတ်ဓာတ်နှင့် တော်လှန်ရေးဖွဲ့သတ္တိများ အလွန်တရာ ပြင်းပြထက်သန်ခဲ့သည်။

၁၈၉၇ ခုနှစ်ခန့်မှစ၍ မြန်မာနိုင်ငံရှိမြို့ကြီးများတွင် ဗုဒ္ဓဘာသာအသင်းများဖွဲ့စည်းခြင်း၊ ၁၉၀၆ခုနှစ်တွင် ဝိုင်အမ်ဘီအေဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်ဖွဲ့စည်းခြင်း၊ ၁၉၂၀ ပြည့်နှစ်တွင် ဂျီစီဘီအေ အသင်းချုပ် ဖွဲ့စည်းခြင်းစသည့် နိုင်ငံရေးလှုပ်ရှားမှုများဖြင့် ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရန် နိုင်ငံရေးနည်းဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်ပေါ်ပေါက်ခဲ့သော ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံသည် လက်နက်အင်အားသာလွန်သော နယ်ချဲ့တို့အား ဒူးမထောက်လက်မမြှောက်သည့် မျိုးချစ်စိတ်ဓာတ်ကို ဖော်ကျူးခဲ့သည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကြီးကို ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင် လက်တွဲပြီး တစ်ခဲနက် ဆင်နွှဲနိုင်သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့သည်။

ယခင်ကမြန်မာနိုင်ငံတွင် ရှာဖွေတွေ့ရှိသော ပရိုင်းမိတ်ရုပ်ကြွင်းများကို အဆင့်မြင့် လူတူပရိုင်းမိတ်များ မှန်၊ မမှန်အငြင်းပွားခဲ့ကြသည်။ ယခုအခါ ကာကွယ်ဝန်ရေးကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနက ဦးစီးသော မြန်မာနိုင်ငံပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေလေ့လာရေးအဖွဲ့သည် ကျောက်ဖြစ်ရုပ်ကြွင်းလေ့လာရေးကို အဘက်ဘက်ကအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပြင်သစ်နိုင်ငံ မောင့်ပီလီယေးလ် တက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များသည် မြန်မာနိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်း၍ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးလုပ်ငန်းကို ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ကြသည်။

ပြင်သစ်ပညာရှင်များအဖွဲ့သည် ၂၀၀၂ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာပညာရှင်များနှင့် ပူးပေါင်း၍ ကွင်းဆင်းရှာဖွေစဉ် မိုးကောင်းကျေးရွာအနီးရှိ ဆည်ချောက်ကျစ်ချောင်းနေရာမှ ပရိုင်းမိတ်၏ ခြေမျက်စိရိုးနှင့် ခြေချင်းဝတ်ရိုးတို့ကို တွေ့ရှိခဲ့သည်။ ယင်းတွေ့ရှိချက်ကို အမေရိကန်နိုင်ငံတွင် ထုတ်ဝေသော PNAS; Proceeding of National Academy of Science ဂျာနယ် အတွဲ(၁၀၀)အမှတ်(၂၃)စာမျက်နှာ ၁၃၁၇-၃-၁၃၁၇၈တွင် ရေးသားဖော်ပြခဲ့သည်။

ပြင်သစ်-မြန်မာပညာရှင်များရှာဖွေတွေ့ရှိခဲ့သော ခြေမျက်စိရိုးများသည် အဆင့်မြင့်လူတူပရိုင်းမိတ် (Anthropoid Primate) ဖြစ်သည်မှာသေချာကြောင်း ခိုင်မာစွာသက်သေပြနိုင်ခဲ့သည်။

လူသားမျိုးနွယ်အစ အာဖရိကမှဖြစ်သည်ဟူသော အယူအဆ မှေးမှိန်ခဲ့ပြီး လူသားမျိုးနွယ်အစ အာရှ(မြန်မာ)မှ ဟု ကမ္ဘာ့ပညာရှင်များက အတည်ပြုခဲ့ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၇၀၀ကျော်ခန့်ကပင် အဘိရာဇာသည် တောတောင်များကို ခုတ်ထွင်ရှင်းလင်း၍ မြို့သစ်တည်ခြင်း၊ လမ်းဖောက်ခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့သည်။ တရုတ်ပြည်နှင့် အိန္ဒိယပြည်စပ်ကြား၌ မြန်မာနိုင်ငံကို ထူထောင်ခဲ့သည်။ အရှေ့ဘက်တစ်လွှား နယ်ခြားတစ်လျှောက် ခံတပ်ပေါင်း ၁၆ခုကို တည်ဆောက်၍ သင်းတွဲဟုခေါ်သော တကောင်း၌ ထီးနန်းစိုက်ထူခဲ့သည်။ မင်းဆက်ပေါင်း၃၃ဆက်၊ နှစ်ပေါင်း၃၀၀တိုင် တည်တံ့ခဲ့ပြီး နောက်ဆုံးမင်းဆက်ဖြစ်သော ဘိန္နကရဇ်မင်းနတ်ရွာစံ၍ မြတ်စွာဘုရားပွင့်တော်မူပြီးနောက် မြန်မာပြည်သို့ဝင်ရောက်လာသော ဓဇရာဇာမင်းကြီး အမှူးရှိသည့် သာကီဝင်မင်းတို့နှင့် ပေါင်းစည်းခဲ့ကြသည်ဟု သမိုင်းမှတ်တမ်းများက ဖွင့်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ရှေးပဝေသဏီကပင် မှီတင်းနေထိုင်လာခဲ့ကြသော တိုင်းရင်းသား လူမျိုးများသည် တိုင်းတစ်ပါးမှပြောင်းရွှေ့လာသော မျိုးနွယ်များမဟုတ်ကြောင်းတွေ့ရသည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်ပြီး အမိမြန်မာနိုင်ငံ၏ ရေခံမြေခံတွင် ရှင်သန်ဖြစ်ထွန်းလာသူများပင်ဖြစ်ကြသည်။

ထို့ပြင် မွေးရာပါအမြုတေ မြန်မာ့လွတ်လပ်ခြင်းအမွေကို ထိပါးလာသော နယ်ချဲ့ရန်မှန်သမျှကို အမျိုးသားရေးအသိဖြင့် ညာညီစရာမလိုသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မောင်းထုတ်ခဲ့ကြကြောင်း သမိုင်းစဉ်တစ်လျှောက် ရှင်းလင်းပြတ်သားစွာ တွေ့မြင်နေရပေသည်။ နယ်ချဲ့အမျိုးမျိုးက မည်သို့ပင် ပရိယာယ်ပြောင်းလဲကျင့်သုံးခဲ့ကြသော်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများသည် မွေးရာပါအမြုတေ မြန်မာ့လွတ်လပ်ခြင်းအမွေကို အမျိုးသားရေးတာဝန်အဖြစ် သားစဉ်မြေးဆက်ပူးပေါင်းလက်တွဲ ထမ်းဆောင် သွားကြမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။ ။

ရတနာမဥ္ဇူဓမ္မရိပ်သာ ခုနစ်ရက်တရား စခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

ကမ္ဘဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်၊ (၂) လမ်း၊ ရတနာမဥ္ဇူဓမ္မရိပ်သာ၌ ဇန်နဝါရီ ၁၄ ရက်မှ ၂၁ ရက်ထိ ဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ကမ္ဘဋ္ဌာနာစရိယများက တရားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီအရောက် ရတနာမဥ္ဇူဓမ္မရိပ်သာသို့ လာရောက်ကြရန်နှင့် မင်္ဂလာဗျူဟာအသင်းချုပ်မှကားဖြင့် ကြို့ပို့ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၀၄)ထုတ်ပြန်

(ယမန်နေ့မှအဆက်)

လုပ်မှုထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဒေါက်တာသန်းတိုး၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂။ ဦးမိုးမြင့်၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃။ ဦးအောင်စိုး၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄။ ဦးဇော်မင်း၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅။ ဦးစိုးမြင့်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘိလိယက်/စနုကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆။ ဒေါ်ကြူကြူ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇။ မခိုင်ခိုင်မော်၊ အားကစားသမား၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၈။ မဆွေဆွေသန်း ၊အားကစားသမား၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၉။ မကေသီဝင်း၊ အားကစားသမား၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၀။ မခင်မိုးနွယ်၊ အားကစားသမား၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၁။ ဦးစိုးမြင့်၊ဥက္ကဋ္ဌ၊အမ်အက်ဖ်အက်ဖ်ကုမ္ပဏီ၊ကချင်ပြည်နယ်။
၁၂။ ဦးအော်၊ အမှတ်(၅၁)၊ မင်္ဂလာလမ်း၊ အလယ်ကျွန်းရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၁၃။ ဦးလှသန်း၊ ဒါရိုက်တာ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ၊ အမှတ်(၅၇)၊ ဗိုလ်ဗထူးလမ်း၊ တပ်ပြင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၁၄။ ပါမောက္ခဒေါက်တာဦးကိုလေး၊မျက်စိအထူးကုဆရာဝန်ကြီး၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)ဥက္ကဋ္ဌ၊ မန္တလေးတိုင်း။
၁၅။ ဒေါ်သင်းသင်းမြတ်၊ ၈၆၅(ခ)၊ မေတ္တာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
၁၆။ ဒေါ်ခင်စိုးဝင်း၊ ၃၆၅(ခ)၊ ရွှေနှင်းဆီကျောင်းလမ်း၊ (၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၇။ ဦးမောင်မောင်လေး၊ ဈေးရောင်း၊အမှတ်–၁၉၇၊မာလာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။
၁၈။ ဦးယုတင်(ခ)ယုခင်၊ ကုန်သည်၊ အမှတ်(၅၆/ဘီ)၊ သန့်ဇင်လမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၉။ ဦးစိုးဟန်၊တရုတ်–မြန်မာပရိဘောဂစက်ရုံ၊တောင်ဒဂုံမြို့နယ်၊ ၁၂၈၁၊ နဝရတ် (၂)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၂၀။ ဦးအောင်ကြီး၊ စက်ချုပ်(၉၄၀၃/ဘီ) အောင်ဆုပန်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံ (တောင်ပိုင်း)ရန်ကုန်တိုင်း။
၂၁။ ဦးတင်မောင်ဝင်း၊ ဈေးရောင်း၊ အကွက်(၃၉၇)သံလျက်မော်အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၂၂။ မ၇၅၀၂၊ မီးသတ်တပ်သားကြည်ညွန့်၊ မီးသတ်ဦးစီးဌာန၊ စခန်းမှူးရုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၂၃။ ဦးအောင်မြင့်၊ ရုံးအကူ၊ အုပ်ချုပ်မှုဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၂၄။ ဦးစိုးမြင့်၊ အရောင်းအဝယ်၊ ၉/၄၇၉၊ ဇာနည်(၁၄)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၂၅။ ဦးဝင်းနိုင်၊ ဈေးရောင်း၊ အမှတ်(၆၀)၊ ရွာလယ်လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၂၆။ ဦးတင်အေး၊ ဈေးရောင်း၊ အမှတ်(၃၆)၊၆လွှာ၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၂၇။ ဦးကျော်ကျော်ဝင်း၊ လက်သမား၊ ၃၇၁၊ ကန်သာယာလမ်း(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၈။ ဦးတင်မောင်၊ အငြိမ်းစား(စက်မှု–၁)၊ ၁၃/၁၀၂၇၊ ယသဝတီ(၁၅)လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၂၉။ ဦးသိန်းကြည်၊ အနေးယာဉ်၊ အမှတ်(၄၁၆)၊ အောင်မင်္ဂလာ(၅)လမ်း ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့၊ရန်ကုန်တိုင်း။
၃၀။ ဦးအုန်းသောင်း၊ ကျွမ်းကျင်(၄)စက်ဆင်၊ ထရန်စမစ်ရှင်း၊ ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရွာထောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၃၁။ ဦးတင်ညွှန့်၊ စက်မှုကျွမ်းကျင်(၄)စက်ဆင်၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)အချောကိုင်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၃၂။ ဦးသိန်းအောင်၊ ကျွမ်းကျင်(၃)အလုပ်ကြပ်၊ တွင်ရုံ၊ ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရွာထောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၃၃။ ဦးအောင်ခင်မြင့်၊ အလုပ်ရုံစိတ်မှူး(စီမံရေး) ဆပ်ပြာစက်ရုံ၊ အမှတ်(၁) အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၃၄။ လ–၆၈၁၀၉၊ ရဲတပ်ကြပ်လှထွန်း၊ ရဲတပ်ကြပ်၊ ရန်ကုန်တိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။
၃၅။ ဦးအောင်မော်၊ဈေးသည်၊အကွက်(၆၂၁)ဟေမာဇလရပ်ကွက်၊ တရုတ်တန်းလမ်း ၈၀၊ ၂၉ X ၃၀ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃၆။ ဦးဦးမြင့်၊ ကုန်သည်နှင့် ရှိုင်းဟုပ်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ ၆၄/ခ၊ ချယ်ရီလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၃၇။ ဦးလှစိုး၊ ပရိဘောဂစက်ရုံ၊ အလုံ၊ အမှတ်(၃)ပရိဘောဂစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန၊ လက်မှုကျွမ်းကျင်အဆင့်(၃)။
၃၈။ ဦးစိန်ဝင်း၊ စက်မှုကျွမ်းကျင်(၅)၊ အင်ဂျင်နီယာ(အလုပ်ရုံ)၊ ရန်ကုန်ရုံး၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၃၉။ ဦးလှကို(၇–၂/ဒ/၀၄၂၇) အလုပ်ရုံစိတ်မှူး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။
၄၀။ ဦးတင်မောင်ဝင်း(အ/၇၃၉၈၇) ခေတ္တအလုပ်ရုံခွဲမှူး၊ ဘဏ္ဍာရေးဌာန၊ တပ်မတော်သားရေစက်ရုံ၊ မန္တလေး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၄၁။ ဦးမျိုးထက်၊ တေးသံရှင်၊ အမှတ်(၄၈)ဒုတိယထပ်၊ ၂၂လမ်း၊ အမှတ်(၅) ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။
၄၂။ ဦးခင်မောင်ဦး၊ အရောင်းအဝယ်၊ အကွက်(၂၅၅) ၈၉ X ၉၀လမ်းကြား၊ လမ်း(၃၀) အိမ်နံပါတ်(၆၈) ပြည်ကြီးပျော်ဘွယ်အရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၄၃။ ဦးကြည်ရှိန်၊လုပ်သားမှူး၊အမှတ်(၃)သစ်စက်၊ဝါးတရာ(၁) အခြေခံစက်မှုနယ်မြေ၊ ရွှေပြည်သာ၊သစ်တောရေးရာဝန်ကြီးဌာန။
၄၄။ ဦးတင်ဝင်း၊ လုပ်သားမှူး၊ ထုတ်လုပ်ရေး–၂၊ သစ်ခွဲစက်အမှတ်(၂) အထပ်သားစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။
၄၅။ ဦးဂိုလား(မ်) (ခ) ဦးဇော်မင်း၊ ကျပန်းလုပ်ငန်း၊ ခ/၁၉၇၊ ဇေရတ်လမ်း နယ်မြေ(၆)၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၄၆။ ဦးအောင်ခင်ဆွေ၊ ကျွမ်းကျင်(၃)(အငြိမ်းစား) မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ကန်တော်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန။
၄၇။ ဦးတင်လှိုင်၊ ဈေးရောင်း၊ ၂(က)၊ စက်မှု(၂)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၄၈။ ဦးကောဝိဒ (ခ) ဦးမောင်လှိုင်၊ သံဃာတော်၊ ပုပ္ပာရုံကျောင်းတိုက်(၇) အနောက်ရပ်ကွက်၊ မဟာသိမ်တော်ကြီး(သာကေတ)ရန်ကုန်တိုင်း။
၄၉။ ဦးငွေငွေ၊ မန်နေဂျာဟောင်း၊ မြန်မာဆေးဂဲအင်တာနေရှင်နယ်လီမိတက်၊ အမှတ်(၁/၃၆၇)နှင်းဆီလမ်း၊ တိုးချဲ့(၁)ရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံ၊ ရန်ကုန်တိုင်း။
၅၀။ ဦးကုသလ၊ ဘုန်းကြီး၊ သာသနာ့ဝန်ထမ်း၊ မဟာမုန်ကင်းကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။
၅၁။ ဦးဝင်းသိန်း၊ ပုံနှိပ်ကျွမ်းကျင်(၄)(စာစီ)၊ ဗဟိုပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၅၂။ ဦးကျော်စိန်၊ လုံခြုံရေး(၃) ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၅၃။ ဦးဝင်းသိန်း၊ ဓာတ်ခွဲကျွမ်းကျင်–၄၊ ဓာတုအင်ဂျင်နီယာဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
၅၄။ ဦးကြောင်နီ၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။
၅၅။ ဦးလှအေး၊ (မ–၂/၀၂၄၁)ကြီးကြပ်ရေးမှူး၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း(ရုံးချုပ်) စီမံကိန်းဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။
၅၆။ ဦးမြင့်သိန်း၊ ဒု–ဦးစီးမှူး၊ သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။
၅၇။ လေ/၁၈၆၂၁ တပ်ကြပ်ကြီးတင်အောင်၊ တပ်ကြပ်ကြီး၊ လေတပ်(တပ်ဖွဲ့) ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။
၅၈။ ဦးသက်လွင်ဦး၊ မထသဌာနခွဲ(၉)၊ ရန်ကုန်တိုင်း၊ အမှတ် ၄/၄/၁၅၊ ဆင်ဖြူရှင်လမ်း၊ စိုက်မွေး(၁)ကျေးရွာ၊ ဒဂုံမြို့သစ်၊ (တောင်ပိုင်း) ရန်ကုန်တိုင်း။
၅၉။ ဦးစိန်လှိုင်၊ ကုန်သည်၊ အမှတ်(၁၂၅)၊ အခန်း(၁၀၂)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၆၀။ ဦးရဲလင်း၊ ဈေးရောင်း၊ နယ်မြေ(၁၂)၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။
၆၁။ ချင်းတွင်းအရှင်ကလျာဏဝံသ၊ သာသနာ့ဝန်ထမ်း၊ နယ်လှည့်သာသနာပြုမိုးကုတ်ဓမ္မကထိက၊ ကမ္ဘဋ္ဌာနာစာရိယ၊ ဓမ္မရက္ခိတစာသင်တိုက်၊ တောင်ပိုင်းရပ်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၆၂။ ဦးအောင်ဖြိုး၊ လုပ်သား၊ မြို့တော်စည်ပင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၆၃။ ဦးတင်မောင်သန်း၊ လုပ်သားမှူး၊ အမှတ်(၆)သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၆၄။ ဦးသန်းလှိုင်၊ သစ်အုပ်၊ သစ်ရောင်းဌာနစိတ်(၁)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၆၅။ ဦးအေးကို၊ စက်မှုကျွမ်းကျင်(၄)၊ အမှတ်(၂) ပုံဖော်စက်ရုံ၊ အင်ဂျင်နီယာဌာန၊ သစ်တောရေးရာဝန်ကြီးဌာန။
၆၆။ ဦးသိန်းအောင်၊ စက်ကိုင်အဆင့်(၄)၊ အမှတ်(၃)၊ ပရိဘောဂစက်ရုံ၊ အလုံ၊ သစ်တောရေးရာဝန်ကြီးဌာန။
၆၇။ ဦးတင်ဝင်း(ခ)ဦးအောင်ကြီးထွန်း၊ မူလတန်းကျောင်းအုပ်၊ အမက(၃၈)၊ ရွှေပြည်သာ၊ ပညာရေးဝန်ကြီးဌာန။
၆၈။ ဦးငွေညွှန့်၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ မြောင်မြို့၊ ပညာရေးဝန်ကြီးဌာန။
၆၉။ ဒေါ်သန်းသန်းငွေ၊ ကျောင်းဆရာမ၊ အလယ်တန်းပြ၊ ပညာရေးဌာန၊ အလက(၃) ဒေါပုံ၊ ပညာရေးဝန်ကြီးဌာန။
၇၀။ ဦးကိုကိုဦး၊ ကထိက၊ သင်္ချာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၇၁။ ဦးအောင်မြင့်စိုး(ခ)ဦးဘုန်းသစ်ကျော်၊ သတင်းထောက်ချုပ်၊ ဈေးကွက်မန်နေဂျာ၊ အမှတ်(၂၀၉)၊ ဗဟို(ရှမ်းလမ်းမ)၊ စမ်းချောင်း–၁၁၁၁၁၊ ရန်ကုန်တိုင်း။
၇၂။ ဦးမြင့်စိုး၊ သန့်ရှင်းရေး ဝန်ဆောင်မှုလုပ်ငန်း၊ လသာမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ အမှတ်(၇၂၉)၊ မာန်ပြေ(၁)လမ်း အနောက်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၇၃။ ဦးအောင်မြင့်၊ ကုန်သည်၊ အမှတ်(၃၈၈)ရူပါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။
၇၄။ ဦးသန်းငွေ၊ သင်္ဘောသား၊ ၁၂၉/ခ၊ မင်းမဟော်လမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။
၇၅။ ဦးတင်ဦး၊ ဒု–အရာခံဗိုလ်(ငြိမ်း)၁၈၆၊ မိဂသီ(၂၁)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၇၆။ ဦးဇော်လွင်၊ အရောင်းအဝယ်၊ အမှတ်(၄၆၂)၊ ရာဇာဓိရာဇ်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်တိုင်း။
၇၇။ ဒေါ်စန္ဒာဝင်း(ခ)မင်းမင်းမောင်၊ အရောင်းအဝယ်၊ အခန်း(၇)လိုင်း(၈၃)၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာ၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း။
၇၈။ ဒေါ်သန်းသန်းဆင့်၊ မှီခို၊ တိုက်(၃၆) အခန်း(၃၀၃)၊ (င/၃)လမ်း၊ ယုဇနဉယျာဉ်မြို့တော်၊ အမှတ်(၉၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်း။
၇၉။ ဦးတိုးကြွယ်၊ ဌာနခွဲစာရေး၊ မှုခင်းရေးရာဌာနစု၊ (မြန်မာနိုင်ငံအောက်ပိုင်း)၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

လုပ်မှုထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးအေးကို၊ လက်မှုကျွမ်းကျင်အဆင့်(၁)(ရပ်ထု)၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။
၂။ ဦးညွှန့်အေး၊ လက်မှုကျွမ်းကျင်အဆင့်(၁)(ရုပ်ထု)၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။
၃။ ဦးကြည်လွင်၊ နည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄။ ဦးထွန်းတင့်အောင်၊ ဂိုးနည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅။ မောင်ထွန်းထွန်းလင်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆။ မောင်စိုးပိုင်ဖြိုး၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇။ မောင်ဟန်ဝင်းအောင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၈။ မောင်ဇော်ထက်အောင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၉။ မောင်ဉာဏ်လင်းကျော်၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၀။ မောင်ပေါ်ထွန်းကျော်၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၁။ မောင်ကျော်ဇေယျာမင်း၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၂။ မောင်မင်းမင်းထွန်း၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၃။ မောင်ထွန်းထွန်းဝင်း၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၄။ မောင်ဘိုဘိုအောင်၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၅။ မောင်ကျော်ကျော်စိုး၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၆။ မောင်မျိုးမင်းထွန်း၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၇။ မောင်ထွန်းမင်းဦး၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၈။ မောင်ကျော်ဇင်ဝင်း၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၉။ မောင်စည်သူဝင်း၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၀။ မောင်နိုင်ဝင်း၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်။)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

● **ရွှေ့ဖုံးမှ**

ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဂုဏ်ပြုခံ ပါရဂူဘွဲ့ရ ပညာရှင်များ၊ ယခင် ပါရဂူဘွဲ့ရရှိပြီးသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသော ဒေါက်တာ ထွန်းသန်းထွန်းအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်အတွင်း အဆင့်မြင့် သိပ္ပံနှင့်နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေစေရေးနှင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရေးသည် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်များပင်ဖြစ်ကြောင်း။

ယခုလိုအခြေအနေအချိန်အခါမျိုးတွင် အဆင့်မြင့် သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ပါရဂူဘွဲ့ရပညာရှင်များ အစီအရီပေါ်ထွန်းလာခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးကဏ္ဍက ဖြည့်ဆည်းပေးရမည့် အမျိုးသားရေးတာဝန်များကို လက်တွေ့ အကောင်အထည်ဖော်ပေးနေခြင်းပင်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ထို့အပြင်မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားကို အားထားပြီး မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုလို ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးက ပညာရှင်များ ထပ်မံပေါ်ထွက်လာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားသစ်များ တိုးတက်ဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

ဖြန့်ကြက်တိုးပွား

"ပညာရေး"ကိုဗဟိုပြုပြီး အလွန်လျင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် သိပ္ပံနှင့်နည်းပညာရပ်များအသီးသီးသည် အထူးပြုဘာသာရပ် မျိုးကွဲပေါင်းများစွာဖြင့် ဖြန့်ကြက်တိုးပွားလာနေသလို ပညာရပ်နယ်ပယ်အသီးသီး၏ တိုးတက်ဖြစ်ထွန်းမှုများသည်လည်း သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင်ရပ်တန့်မနေဘဲ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးကို အပြန်အလှန်ဆက်စပ် အကျိုးပြုလျက်ရှိနေကြသည်ကို တွေ့ရကြောင်း။

ယခုလို အခြေအနေ အချိန်အခါမျိုးမှာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ယခင်ခေတ်ကာလကလို ပညာရပ်နယ်ပယ်တစ်ခုထဲမှာပဲ နစ်မြုပ်နေတာမျိုးမဟုတ်တော့သည့်အတွက် လျင်မြန်စွာတိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များ၏ နယ်ပယ်ရပ်များ၏ နယ်ပယ်အစုံတွင် ဟန်ချက်ညီညီ ဖြန့်ကြက်တိုးတက်ဖြစ်ထွန်းနေစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍစုံတိုးတက်ဖြစ်ထွန်းရန် စနစ်တကျကြိုတင်စီမံဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

မျှော်မှန်းချက်

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ မျှော်မှန်းချက်(၁၂)ရပ်မှာလည်း–

– **"နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးနိုင်ရန်"**ဆိုသည့် ရည်မှန်းချက်နှင့်
– **"ခေတ်နှင့်အညီ ပေါ်ထွန်းလာမည့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်ပြီး အမြဲရှင်သန်နေသော အသိဉာဏ်၊ အမြော်အမြင်တို့ဖြင့် ပြည့်စုံသည့် ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးရန်"** ဆိုသည့် မျှော်မှန်းချက်များကို ထည့်သွင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤမျှော်မှန်းချက်များနှင့်အညီ တက္ကသိုလ်များ၊ ကောလိပ်များ အသစ်ဖွင့်လှစ်မှုတွေ၊ အဆင့်မြှင့်တိုးချဲ့မှုတွေ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ယနေ့ဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် စုစုပေါင်း ၁၅၄ခုအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ဝိဇ္ဇာနှင့် သိပ္ပံဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်တွေ၊ စီးပွားရေး၊ ပညာရေး၊ သစ်တော၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ သမဝါယမ စသည့် ပညာရပ်နယ်ပယ်အသီးသီး၏ တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ဖြစ်ထွန်းနေတာ တွေ့ကြရမှာဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍမှာဆိုလျှင်လည်း ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက်ပညာသည် တက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ တက္ကသိုလ်တွေ ဖြန့်ကြက်ဖြစ်ထွန်းနေသလို နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ရေကြောင်းတက္ကသိုလ်စသည့် အဆင့်မြင့်နည်းပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များလည်း ဖြန့်ကြက်ထူထောင်ထားနိုင်ပြီ ဖြစ်ကြောင်း။

ထို့ပြင် စဉ်ဆက်မပြတ် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန်နှင့် တိုးတက်ဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေး၊ နည်းပညာဆိုင်ရာ နယ်ပယ်အသီးသီးမှာ ပေါ်ထွန်းလာနေသည့်ပညာရပ်အသီးသီးကို လေ့လာသင်ယူနိုင်စေရန် တက္ကသိုလ်နှင့် ကောလိပ်များတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများဖွင့်လှစ်ပြီး သင်တန်းအမျိုးအစားပေါင်း ၁၅၉မျိုးကို ဖွင့်လှစ်ထူထောင်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်း။

တက္ကသိုလ်နှင့် ကောလိပ်များ၏ ပုံမှန်သင်တန်းများတွင်လည်း ပညာရပ်အသီးသီးအပြင် ပညာရပ်ခွဲအသီးသီးမှာပါ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့များကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပါရဂူဘွဲ့သင်တန်းများသက်သက်ကြည့်မည်ဆိုလျှင်လည်း ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့မှာ ပါရဂူဘွဲ့သင်တန်းပေါင်း ၃၀မျိုး၊ ဆေးတက္ကသိုလ်များမှာ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Ph.D)သင်တန်း ခုနစ်မျိုးနှင့်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Dr. Med. Sc.) သင်တန်း၃၀၊ နည်းပညာတက္ကသိုလ်များမှာ အင်ဂျင်နီယာဆိုင်ရာသိပ္ပံပါရဂူဘွဲ့ငါးမျိုး၊ အင်ဂျင်နီယာနှင့် ဗိသုကာပါရဂူဘွဲ့၁၆မျိုး၊ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာပါရဂူဘွဲ့တစ်မျိုးတို့ ဖွင့်လှစ်ထားနိုင်ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ ရသူများအား ဂုဏ်ပြုသည့် အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အောက်ရှိ ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသော ဒေါက်တာမာမာသီအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျယ်ပြန့်သောအစီအစဉ်များ

ထို့အပြင် အငြိမ်းစားပညာရှင်ကြီးများ၊ အငြိမ်းစားနှင့် တာဝန်ထမ်းဆောင်ဆဲ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဝါရင့်ကထိကများအတွက် အဆင့်မြင့်သုတေသနပြုပြီး ပါရဂူဘွဲ့ကျမ်းကြီးတင်သွင်းခြင်းအားဖြင့် ပါရဂူဘွဲ့ရယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန်အတွက် ပိုမိုကျယ်ပြန့်သော အစီအစဉ်များ စီမံဆောင်ရွက်ပေးထားပြီးလည်းဖြစ်ကြောင်း။

ထိုပညာရှင်များအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်တစ်ခုခုက ပါရဂူဘွဲ့ကြီးကြပ်ရေးအဖွဲ့ထံတွင် ပါရဂူဘွဲ့အတွက် မှတ်ပုံတင်မှု၊ ပါရဂူဘွဲ့ကြိုစာတမ်းကို တစ်နှစ်အတွင်းတင်သွင်းနိုင်မှု၊ အဆင့်မြင့်သုတေသနပြုလုပ်ပြီး ပါရဂူဘွဲ့ကျမ်းကြီးကို လေးနှစ်အတွင်း တင်သွင်းနိုင်မှုစသည့် စိစစ်မှုအဆင့်ဆင့်ကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့လျှင် ပါရဂူဘွဲ့ချီးမြှင့်အပ်နှင်းသွားမှာဖြစ်ကြောင်း။

ထိုအစီအစဉ်အရ ပထမဆုံးပါရဂူဘွဲ့ကို ရရှိခဲ့သူတစ်ဦး ပေါ်ထွန်းလာခဲ့ပြီလည်း ဖြစ်ကြောင်း၊ ထိုပညာရှင်ကြီးမှာ ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာနမှ

ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်ပြီး မြန်မာ့ရေနံကော်ပိုရေးရှင်းမှ အငြိမ်းစား သုတေသနအရာရှိချုပ်လည်းဖြစ်သည့် အသက် ၇၀ ကျော် ရှိပြီဖြစ်သည့် ဒေါက်တာချစ်ဆိုင်ပင်ဖြစ်ကြောင်း ယနေ့ဂုဏ်ပြုချီးမြှင့်မှုမှာ ထည့်သွင်းဂုဏ်ပြုသွားမှာဖြစ်ကြောင်း။

လွှမ်းခြုံစီစဉ်ထား

ယခုလိုပညာရပ်နယ်ပယ်ကဏ္ဍအသီးသီးမှာ နည်းလမ်းအသွယ်သွယ်ဖြင့် အဆင့်မြင့်လေ့လာမှု သုတေသနပြုမှုဆိုင်ရာ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများကို တစ်နိုင်ငံလုံးမှာ တိုးချဲ့ဖြန့်ကြက်ဖွင့်လှစ်ပေးပြီး လေ့လာသင်ယူနိုင်မှုအခွင့်အလမ်းများ တိုးမြှင့်ပေးနေသည့်အပြင် အဆင့်မြင့် သုတေသနပြုလုပ်ငန်းများတွင် အထောက်အကူပြုပေးမည့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းတွေ၊ အီလက်ထရွန်းနစ်နည်းပညာအခြေပြုသည့် Resource Centre တွေ၊ e-Library တွေ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအခြေခံသည့် Internet၊ Intranetကွန်ရက်စနစ်တွေကို တစ်နိုင်ငံလုံး လွှမ်းခြုံစီစဉ်ပေးထားပြီးလည်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း ယခုအချိန်အခါတွင် ယခင်ခေတ်ကာလက အစွန်အဖျား ဒေသလို့ဆိုကြသည့် မြစ်ကြီးနားမြို့၊ ထားဝယ်မြို့၊ စစ်တွေမြို့တို့လို နေရာဒေသများကနေ ရန်ကုန်မြို့၊ မန္တလေးမြို့များနှင့် ကွန်ပျူတာကွန်ရက်ချိတ်ဆက်ပြီးလိုအပ်သော အချက်အလက်တွေ၊ ပညာရပ်ဆိုင်ရာတွေကို မိမိနှစ်သက်ရာ အဆင်ပြေရာအချိန်တွင် ရယူလေ့လာနိုင်သည့် အခွင့်အလမ်းတွေ၊ အစီအမံတွေ ရှိနေပြီဖြစ်သည့်အတွက် ယခုလိုနေရာဒေသများတွင် တာဝန်ထမ်းလျက်ရှိကြသည့် ပညာရှင်များအဖို့ Ph.D, Thesisအတွက် သုတေသနပြုနိုင်သော အခွင့်အလမ်းများကို ရန်ကုန်မြို့တော်က ပညာရှင်များကဲ့သို့ တန်းတူရည်တူရရှိနေကြပြီဖြစ်ကြောင်း။

အခြေခံကောင်းများ

ဤတိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ပညာခေတ်ရဲ့ စိန်ခေါ်မှုကိုရင်ဆိုင်နိုင်မယ့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် တိုးတက်ပြောင်းလဲလာစေရမယ်ဆိုသည့် မွန်မြတ်မြင့်မားသော မြန်မာ့ပညာရေးမျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပညာရပ်နယ်ပယ်အသီးသီးက အဆင့်မြင့်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် အစဉ်အမြဲပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ ကျယ်ပြန့်သော သင်ကြားမှုသင်ယူမှုဆိုင်ရာ Media နှင့် Networkများကို တစ်နိုင်ငံလုံး လွှမ်းခြုံတည်ထောင်ပေးနိုင်မှုစသည့်အခြေခံကောင်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းအောင် စီမံပေးထားခြင်းကြောင့်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် ပါရဂူဘွဲ့ရများမှာလည်း ၃၆၄ဦးအထိ အားရဂုဏ်ယူဖွယ် ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိ ပါရဂူဘွဲ့သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပညာရှင်များအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များမှာ ၂၆၀၀ ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များမှာ ၁၈၀ နီးပါး၊ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန၏ တက္ကသိုလ်များမှာ ၄၇၀ ဦးခန့် စုစုပေါင်း ပါရဂူဘွဲ့သင်တန်းတက်ရောက်နေဆဲ ၃၂၅၀ ကျော်ရှိနေပြီဖြစ်သည့်အတွက် မကြာမီသော ကာလမှာ ပါရဂူဘွဲ့ရ ပညာရှင်များထပ်မံတိုးပွားပေါ်ထွန်းလာဦးမှာဖြစ်ကြောင်း။

ဂုဏ်ယူဖွယ်ရာ

၄င်းမှာ နိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေနိုင်မည့် အခြေခံကောင်းများနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်ထက်မြက်စွာ ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားဖြစ်ထွန်းနေခြင်းပင်ဖြစ်သည့်အတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ၏ ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း၊ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ တိုးတက်ဖြစ်ထွန်းမှုများလို့လည်း ဆိုနိုင်ကြောင်း။

ယခုလို တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်ဟု နိုင်ငံတော်အစိုးရအနေဖြင့် ခံယူထားသည့်အတွက်လည်း ယခုလို ပါရဂူဘွဲ့ရပညာရှင်များ၏ ပညာရပ်ဆိုင်ရာစွမ်းဆောင်မှု၊ ဇွဲလုံ့လဝီရိယစိုက်ထုတ်ကြိုးပမ်းမှုများကို အသိအမှတ်ပြုပြီး ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ကြောင်း။

ပါရဂူဘွဲ့ရ ပညာရှင်များကလည်း နိုင်ငံတော်၏ ဂုဏ်ပြုချီးမြှောက်မှုကို ထိုက်တန်စွာခံယူပြီး မိမိတို့တတ်သိကျွမ်းကျင်ရာ ပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တိုးတက်ဖော်ဆောင်နိုင်ကြစေရန် ကြိုးပမ်းအားထုတ်သွားကြပါဟု မှာကြားလိုကြောင်း။

အနာဂတ်ဖန်တီးရှင်

ယနေ့အချိန်အခါလို ပညာလွှမ်းမိုးကြီးစိုးသော ခေတ်ကာလတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များသည် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော အနာဂတ်ဖန်တီးရှင်များ ဖြစ်လာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပါရဂူဘွဲ့ရပညာရှင်များကလည်း မိမိတို့၏ အရည်အသွေးမြင့်မားသော ပညာရပ်ဆိုင်ရာ စွမ်းအားကို ပိုမိုတိုးတက်မြင့်မားသည်ထက် မြင့်မားစေရအောင်၊ မိမိတို့ကဲ့သို့သော ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးပွားပေါ်ထွန်းနေစေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြရန်နှင့် မိမိတို့ ကျွမ်းကျင်ရာ ပညာရပ်ဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆက်လက်ဖော်ဆောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် နိုင်ငံသူနိုင်ငံသားအားလုံး၏ စိတ်ဝမ်းညီမျှစွာ ပူးပေါင်းလက်တွဲ ထိန်းသိမ်းမြှင့်တင်နိုင်မှုအပေါ်မှာ အဓိကတည်မှီနေပြီဖြစ်သည့်အတွက် ပါရဂူဘွဲ့ရပညာရှင်များအားလုံးကလည်း အခြားသော နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများနည်းတူ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်ခံ့ရေးအတွက် တစ်မျိုးသားလုံးလျှောက်လှမ်းကြမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ကြီး ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးမှာ တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော ပညာရှင်များအဖြစ် တင့်တင့်တယ်တယ်၊ ခိုင်ခိုင်မြဲမြဲ ရပ်တည်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ ကျွမ်းကျင်ရာ အတတ်ပညာဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ၊**
- **နိုင်ငံတော်က ချီးမြှင့်လိုက်သည့် အရည်အသွေးမြင့်မားသော ပညာရှင်များ ဖြစ်လာသည်နှင့်အညီ အမိနိုင်ငံတော်နှင့် မိမိလူမျိုး အကျိုးစီးပွားအတွက် အလုပ်အကျွေးပြုနိုင်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံ့အကျိုးပြုပုဂ္ဂိုလ်များဖြစ်ကြပါစေ**

ဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသွားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင် ၄၇ဦးနှင့် မန္တလေးတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင်ခြောက်ဦးတို့အား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါရဂူ ဘွဲ့ရရှိကြသည့် ပညာရှင်ကိုးဦး၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင် ၁၁ဦးနှင့် ဆေးတက္ကသိုလ်မန္တလေးမှ ပါရဂူဘွဲ့ရရှိကြသည့် ပညာရှင်ခုနစ်ဦးတို့အားလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိကြသည့်ပညာရှင် ၄၈ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပါရဂူဘွဲ့ရသူများကိုယ်စား ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခ အကြံပေးအရာရှိ ဒေါက်တာချစ်ဆိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုသည့် အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စိန်ရတုခန်းမ၌ ခင်းကျင်းပြသထားသော ပါရဂူဘွဲ့ရရှိကြသူများတင်သွင်းသည့် ပါရဂူဘွဲ့ယူကျမ်းများကို ကြည့်ရှုသည်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း ကလေးခရိုင်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းတွင် ကလေးမြို့သို့ ရောက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံပြီး ကလေးဝ–မော်လိုက် ကျောက်ချောလမ်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဖောက်လုပ်ရေး၊ ရာသီမရွေးသွားလာနိုင်သော စံချိန်စံညွှန်း ပြည့်မီသည့် ကျောက်ချောလမ်းအဆင့်သို့ အဆင့်မြှင့်တင်ဖောက်လုပ်သွားရေး ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၇ရက် နံနက်ပိုင်းတွင် ကလေးမြို့မှ ကလေးဝမြို့သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး ကလေးဝ–မော်လိုက်လမ်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလေးဝမြို့သို့ နံနက် ၁၁နာရီခွဲတွင် ရောက်ရှိပြီး ညော့ရိပ်သာဒ္ဓမော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဝင်းနောင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လမ်းခင်းကျောက်များရရှိရေး၊ သယ်ယူရေး၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ကျောက်ခင်းရေး၊ ကျောက်လမ်း အချိန်မီပြီးစီးရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကလေးဝမြို့ စည်ပင်သာယာရေးရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



ဈေးကွက်ဂျာနယ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၈

နှစ်၂၀ကျော်အတိတ်ဆီက အောက်တောင်း – တမူးသွား တောလား၊ ကျော်စံလှ(ကလေးဝ)၊ ခေါင်းဆောင်မှု၏ခံစားချက်ဉာဏ်ရည်၊မောင်စူးစမ်း၊ နှလုံးရောဂါနှင့် Warning Sign များ၊ အောင်(ဆေး–၁) စသော ဆောင်းပါးများနှင့်အတူ နိုင်ငံတကာရေးရာ၊ ပြည်တွင်းသတင်း၊ ကာတွန်း လက်ရာစုံတို့ဖြင့် အမှတ် (၁၃၁)၊ ၂၈လမ်း (အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း– ၀၁–၇၀၇၁၈၃ က ဖြန့်ချိကြောင်း သိရသည်။

(က–ပ)

စာတမ်းဖတ်ပွဲ တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းကကြီးမှူး၍ ဦးခင်မောင်ဆွေ (လျှပ်စစ်စစ်ဆေးရေး) ၏ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏ စံချိန်စံညွှန်း၊ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး စာတမ်းကို ရန်ကုန်တိုင်း လှိုင်မြို့နယ် MICT Park တွင် ၂၀၀၄ခုနှစ် ဇန်နဝါရီလ၁၀ရက် (စနေနေ့) မွန်းလွဲ၁နာရီမှ ညနေ ၃နာရီအထိ ဖတ်ကြားဆွေးနွေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ တက်ရောက်နားထောင်နိုင်သည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉–၁–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း:

၇:၀၀	၁။	**အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅	၂။	တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၀	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၇။	အကပြိုင်ပွဲ
၈:၁၀	၈။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၀	၉။	ဖြူးချောင်းတံတား
၈:၃၀	၁၀။	International News.
၈:၄၅	၁၁။	English For Everyday Use.
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း:

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Demonstration Exercises for Correct Pronunciation
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၃၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၄၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၅	၉။	နှောင်းခေတ်တေးပဒေသာ
၆:၀၅	၁၀။	မြန်မာ့ဆန်စက်လုပ်ငန်း ပြပွဲ–၂၀၀၄
၆:၁၅	၁၁။	Discovery.
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	Milo Success in Soccer.
၇:၁၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မိုးမြေဆုံးစေတော့ကွယ်” (အပိုင်း–၂)**
၇:၄၀	၁၆။	၂၀၀၄ခုနှစ်အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲအကြိုလှုပ်ရှားမှု
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**မြန်မာရုပ်ရှင် “ကောင်းကင်ထက်က ပန်းတစ်ပွင့်”(အပိုင်း–၁) (လူမင်း၊ထက်ထက်မိုးဦး လှအဥ္ဇလီတင့်၊) (ဒါရိုက်တာ–ညွန့်မြန်မာ ညီညီအောင်)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆို နေရာချထားရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ဖြေဖျော်ရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူ တို့က မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်နှင့် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည် များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းမှုကို လက်ခံယူစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန၌ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း တက်ရောက်၍ လှူဒါန်းသည့်စာအုပ်များကို လက်ခံပြီးကျေးဇူးတင် စကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးကျော်ဟိုးက အလှူရှင်များ လှူဒါန်းမည့် စာအုပ်အရေအတွက်နှင့် လှူဒါန်းမှု တန်ဖိုးများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးမောင်မောင်မြင့်အေး(လာဘ်မိုးရွာစာပေ)က လှူဒါန်းသည့် ငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ ရောင်ပြန်မဂ္ဂဇင်း၊ မနုစာရီမဂ္ဂဇင်း၊ မဟာမြိုင်မဂ္ဂဇင်း၊ အပျိုမမဂ္ဂဇင်းနှင့် မြရည်သီတာ မဂ္ဂဇင်း စုစုပေါင်းစာအုပ် ၄၀၀၊ ဦးကိုကိုမောင် (ပီတိဂျာနယ်)က လှူဒါန်းသည့် ငွေကျပ် ၁၁၅၀၀၀ တန်ဖိုးရှိ ချန်ပီယံဂျာနယ် ၄၆၀၀၊ ကွယ်လွန်သူ ဦးစောလှိုင် (လက်ထောက်အင်ဂျင်နီယာ- ငြိမ်း) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက လှူဒါန်းခဲ့သည့် ငွေကျပ် ၁၀၈၅၄၆ တန်ဖိုးရှိ လုံးချင်းစာအုပ်မျိုးစုံ၊ အင်္ဂလိပ်စာအုပ်မျိုးစုံ၊ အင်္ဂလိပ်-မြန်မာ မဂ္ဂဇင်းများ၊ ဂျာနယ်မျိုးစုံနှင့် မှန်ဗီရို တစ်လုံး၊ ပခုက္ကူတက္ကသိုလ် ရူပဗေဒဌာန တွဲဖက်ပါမောက္ခ ဦးသိန်းဝင်း-ဒေါ်ခင်ကြူမာ (အမေ့ရွာ စာပျိုးခင်းမိသားစု)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ "စိတ်ကြေးမုံနှင့် လောကနီတိ" စာအုပ် ၁၀၀၊ ဦးစိုးနိုင်-ဒေါ်စိမ့်ဟန်နီ (ဇီဝစိုး အထွေထွေရောင်းဝယ်ရေးလုပ်ငန်း)က ငွေကျပ် ၉၉၂၀၀ တန်ဖိုးရှိ "ငန်းတို့ပျံသန်းလေရာ"စာအုပ် ၁၂၄အုပ်၊ ဒေါက်တာစံပယ်တင် (ကမ္ဘောဇလမ်း ဗဟန်းမြို့နယ်) က ငွေကျပ် ၉၉၂၀၀ တန်ဖိုးရှိ စာအုပ် ၁၂၄အုပ်၊ ဦးသန်းစိုး(ခေတ္တ-တိုကျိုမြို့)က ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ စာအုပ် ၇၀၀၊ ဦးမြတ်စိုး-ဒေါ်သီတာ၊ သမီးစိုးဝင့်အိန္ဒြာ (ခေတ္တ-တိုကျိုမြို့)က ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ "ရည်မှန်းချက် နှင့်ပြဿနာအထွေထွေ" စာအုပ် ၁၀၀၊ ပါမောက္ခ ဒေါ်အေးသန်း (ငြိမ်း) မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ အမှုဆောင်အဖွဲ့ဝင်က ငွေကျပ် ၄၅၀၀၀တန်ဖိုးရှိ စိတ်ပညာရပ်ဆိုင်ရာ အင်္ဂလိပ်စာအုပ် ၁၅အုပ်၊ ဦးဝင်းအောင်သန်း(ခေတ္တ-တိုကျိုမြို့)က ငွေကျပ် ၄၅၀၀၀တန်ဖိုးရှိ "အရှုပ်ထဲမှာရှင်းအောင်နေ" စာအုပ် ၁၀၀၊ ဦးကျော်ကျော်နိုင်(ခေတ္တ-တိုကျိုမြို့)က ငွေကျပ် ၄၀၀၀၀တန်ဖိုးရှိ "စဉ်းစားစရာလေးတွေ"စာအုပ် ၁၀၀၊ ဦးမောင်မောင်ထွန်း(တာမွေမြို့နယ်)က ငွေကျပ် ၃၉၂၀၀ တန်ဖိုးရှိ "ငန်းတို့ပျံသန်းလေရာ" စာအုပ် ၄၉အုပ်၊ ဦးမြတ်စိုး-ဒေါ်စောခင်နီလာ (လသာမြို့နယ်)က ငွေကျပ် ၂၉၆၀၀ တန်ဖိုးရှိ "ငန်းတို့ပျံသန်းလေရာ"စာအုပ် ၃၇အုပ်နှင့် ဦးအောင်စိုး-ဒေါ်မြင့်မြင့်(သင်္ဃန်းကျွန်းမြို့နယ်)က ငွေကျပ် ၄၀၀၀တန်ဖိုးရှိ လုံးချင်းဝတ္ထု၊ မဂ္ဂဇင်း၊ စာစောင်နှင့် ဂျာနယ်အုပ် ၁၂၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား ပါမောက္ခ ဒေါ်အေးသန်း(ငြိမ်း)၊ ဒေါ်ခင်ကြူမာ (အမေ့ရွာ စာပျိုးခင်း)နှင့် ဦးအောင်စိုးတို့က စာအုပ်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတထံ သံအမတ်ကြီးဦးသိန်းမြင့် ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၉

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းမြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဒေါက်တာအီယာကျူဒင်အာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

သံအမတ်ကြီးဦးကြည်သိန်း အိန္ဒိယနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၉

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကြည်သိန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ၊ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန် ဂီတသံ
၄:၁၅	၄။ နားဝင်ငြိမ့်စီး သီချင်းကြီး
၄:၂၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀	၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ် (ဘောဂဗေဒ) (ခ) တတိယနှစ် (အရှေ့တိုင်းပညာ)
၅:၃၀	၁၀။ ပညာခေတ်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖန်ခြေနင်းနဲ့ ယမင်းရွှေစင် (အပိုင်း-၃၅)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း လှိုင်းပုနှင့် သောင်းချမ် (အပိုင်း-၁၉)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

❀ **ပုဂ္ဂလိကမှ**

ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် ပြည်တွင်းမှ ဆန်စက်လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြပွဲကျင်းပရာ အဆောက်အအုံ၏ ဥပစာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်၍ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ကို ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်လိုက်ကာကို အဝေးထိန်းစက်ခလုတ်ဖြင့်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ယင်းနောက် ပြပွဲဖွင့်ပွဲအခမ်းအနားကို အဆောက်အအုံ၏ ဒုတိယထပ်၌ ဆက်လက်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အမှာစကားပြောကြားရာတွင် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲလို ပြပွဲမျိုးကို မြန်မာနိုင်ငံတွင် ယခု ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း၊

ဆန်စပါး ရောင်းဝယ်ရေးမူဝါဒသစ် ပြဋ္ဌာန်းကြေညာခဲ့ပြီးနောက် ပုဂ္ဂလိကများအနေဖြင့် ဆန်စပါးကို ပြည်တွင်း၊ ပြည်ပ၌ လွတ်လပ်စွာ ရောင်းဝယ်ခွင့် ရရှိပြီဖြစ်ကြောင်း၊ ထို့အပြင် ယင်းပြပွဲမျိုး ကျင်းပပြုလုပ်ခြင်းကြောင့် ပုဂ္ဂလိက ဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များနှင့် ဆန်ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့်ခေတ်မီဆန်ကြိတ်ခွဲရေး နည်းပညာများ၊ စက်ယန္တရားများ၊ စက်ကိရိယာများနှင့် ထိတွေ့ကျွမ်းဝင်မှု ရှိလာသည့်အခါ အရည်အသွေးမြင့်မားသောမြန်မာ့ဆန်များ တိုးတက်ထုတ်လုပ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ထို့ကြောင့် ဤပြပွဲကြီးကို ရည်ရွယ်ချက်(၅)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ အပြည်ပြည်ဆိုင်ရာ ဆန်ဈေးကွက်များတွင် မြန်မာ့ဆန် ပြန်လည်နေရာရရှိလာစေရန်နှင့် ဈေးကွက်ကိုထိန်းထားနိုင်ရန်၊ အရည်အသွေးမြင့်မားသည့် မြန်မာ့ဆန်များ ထုတ်လုပ်နိုင်စေရန်၊ မြန်မာနိုင်ငံ၏ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက် (၅)ရပ်ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် ပုဂ္ဂလိက ဆန်စက်အများစုသည် နှစ်ပေါင်းလေးဆယ်ငါးဆယ်လောက် ကတည်းက တည်ဆောက် ကြိတ်ခွဲလာခြင်းဖြစ်သည့်အတွက် ယနေ့အချိန်အခါတွင် အရည်အသွေး မြင့်မားသည့်ဆန်များ မကြိတ်ခွဲနိုင်တော့ကြောင်း၊ ထို့ကြောင့် စပါးကနေ ဆန်ဖြစ်လာအောင် ကြိတ်ခွဲထုတ်လုပ်သည့် အခန်းကဏ္ဍတွင် ပုဂ္ဂလိက ဆန်စက်များ ခေတ်မီတိုးတက်လာစေရန် အရေးတကြီး ဆောင်ရွက်လုပ်ကိုင်သွားရန် လိုအပ်ကြောင်း။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတုန်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် ဆန်စပါး အရည်အသွေး မြင့်မားရေး လိုအပ်ချက် ဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ယင်းစာတမ်းဖတ်ဆွေးနွေးပွဲ၏ ရလဒ်အဖြစ် ယနေ့ ဖွင့်ခဲ့သည့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ ကိုကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ပုဂ္ဂလိက ဆန်ကြိတ်ခွဲထုတ်လုပ်ရေးတွင် ကူညီပံ့ပိုးပေးသည့်အနေဖြင့် တတ်သိကျွမ်းကျင်ပြီးဖြစ်သော နိုင်ငံ့ဝန်ထမ်းများက ဆွေးနွေးပွဲများ၊ ဆန်စပါးလုပ်ငန်းဆိုင်ရာ ပြပွဲများ၊ သင်တန်းများတွင် ပါဝင်ကူညီ ပံ့ပိုးပေးလျက်ရှိကြောင်း။

မြန်မာ့ဆန်စက်ပြပွဲ–၂၀၀၄ ကို အထက်ပုဇွန်တောင်လမ်းရှိကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပရာ ဆန်စက်ပြခန်းများကို စည်ကားသိုက်မြိုက်စွာ တွေ့ရစဉ်။ (ကြေးမုံ)

ဆန်စက်ငယ်များ

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ တွင် ပြည်တွင်းပြည်ပရှိ ကုမ္ပဏီများက ထုတ်လုပ်သည့်ဆန်စက်များ၊ ဆန်စက်နှင့် ဆက်စပ်သော စက်ကိရိယာ ယူနစ်များ၊ ဆန်စက်အပိုပစ္စည်းများ၊ အခြားစက်ပိုင်းဆိုင်ရာ ပစ္စည်းများကို ပြသသွားမည် ဖြစ်ကြောင်း၊ အထူးသဖြင့် တောရွာမြို့ပါ သုံးနိုင်သည့် ဆန်စက်ငယ်များကို အလေးပေး ပြသထားကြောင်း။

ထို့အပြင် မြန်မာနိုင်ငံတွင် ဆန်ကြိတ်ခွဲထုတ်လုပ်ရေး လုပ်ငန်းများ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာပုံ

များကိုလည်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းက ခင်းကျင်းပြသထားကြောင်း။

ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန် အရည်အသွေး မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ရေးကို သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်ကို အားလုံးက သိကြကြောင်း၊ မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာရေးတွင်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံကနေ စက်မှုနိုင်ငံ ဖြစ်လာအောင် လုပ်ဆောင်သည့်နေရာတွင် ယခုလိုပြပွဲမျိုးသည် တွန်းအားတစ်ခုပင် ဖြစ်ကြောင်း။

သွင်းကုန်အစားထိုး

ယင်းပြပွဲတွင်ပြည်တွင်းက ဆန်စက်နှင့် အပိုပစ္စည်း ထုတ်လုပ်သူများအနေဖြင့် သွင်းကုန်အစားထိုး စက်ကိရိယာ ပစ္စည်းများကို တစ်နိုင်တစ်ပိုင် ပြသခွင့်ရမည်ဖြစ်သည့်အတွက် ဆန်စက်နှင့် ပတ်သက်ပြီး မည်သည့်ပစ္စည်းများကို မည်သို့သောနေရာ၌ဝယ်လျှင် အရည်အသွေးကောင်းကောင်းနှင့် ဈေးနှုန်းချိုချိုရရှိမည်ဆိုသည့် ဆန်စက်လုပ်ငန်းနှင့် ပတ်သက်သော စက်ပိုင်များ၊ ကုန်သည်များအတွက် များစွာ တန်ဖိုးရှိလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ထို့အပြင် ဆန်စက်ပစ္စည်း ထုတ်လုပ်သည့် ဂျပန်နိုင်ငံက ဆာတာကေး၊ မလေးရှားနိုင်ငံ NEXUS Agricultural Resources Co.,၊ Cimbria Fareast Co.,၊ ကိုရီးယားနိုင်ငံက Jing Yong Co., စသည့် ကုမ္ပဏီများအပြင် ပြည်တွင်းက စံအိမ်နီ အင်တာနေရှင်နယ်၊ ဝါတာနာထရေးဒင်း၊ သောင်းဝင်းစက်မှုလက်မှု၊ စိုးလှုပ်စစ်၊ ဟန်စိန်သန့် အင်ဂျင်နီယာရင်း၊ ဂွတ်ဘရားသား စသည့် ကုမ္ပဏီများကလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း၊ ဆန်စက်ပိုင်ရှင်များအနေဖြင့် လာရောက်ပြသသည့် ကုမ္ပဏီများနှင့် ဆွေးနွေးပြီး အရည်အသွေးကောင်းမွန်သော ဆန်များထုတ်လုပ်သွားနိုင်ရန် ခေတ်မီ စက်ကိရိယာများ ဝယ်ယူတပ်ဆင်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း။

ယင်း ဆန်စက်လုပ်ငန်းပြပွဲအပြင် ပြပွဲကျင်းပနေစဉ် ကာလအတွင်းတွင် မြန်မာပညာရှင်များ၊ ဂျပန်ပညာရှင်များ၊ မလေးရှား ပညာရှင်များက စုစုပေါင်းစာတမ်း ၁၂စောင်ကို နေ့စဉ် သုံးရက်တိတိ နံနက်ပိုင်းများတွင် တင်ပြ ဖတ်ကြားဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ ယင်းစာတမ်းများကို လေ့လာကြည့်မည်ဆိုလျှင် ဆန်စက်များအကြောင်း၊ ဖွဲနုဆီစက်ထုတ်လုပ်ပုံ၊ စပါးအခြောက်ခံစက်၊ ပေါင်းဆန်ထုတ်လုပ်မှု၊ ဆန်သုံးစွဲမှု ပုံစံအမျိုးမျိုး၊ ဆန်စပါးလုပ်ငန်းနှင့် စံချိန်စံညွှန်း၊ ဆန်စက်များ ခေတ်မီတိုးတက်ရေး၊ မြန်မာ့ဆန် ကမ္ဘာ့ဈေးကွက်တွင် တွင်ကျယ်စွာ ရောင်းချနိုင်ရေး စသည့် ဘာသာရပ်ဆိုင်ရာ စာတမ်းများ ပါဝင်သည့်အတွက် သက်ဆိုင်ရာ ပုဂ္ဂလိက ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်ပို့ကုန် လုပ်ငန်းရှင်များအနေဖြင့် တက်ရောက်နားထောင် ဆွေးနွေးသွားခြင်းဖြင့် ဆန်စပါး ရောင်းဝယ် ကြိတ်ခွဲထုတ်လုပ်ရေးနှင့် ပတ်သက်သည့် ဗဟုသုတ အတွေ့အကြုံများကို ဖလှယ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အမှန်ပြောရမည်ဆိုလျှင် ယင်းပြပွဲသည် ပြည်တွင်း ပြည်ပ ပေါင်းစပ်ထားခြင်း ဖြစ်သည့်အတွက် နိုင်ငံတကာ ပြပွဲတစ်ခုဖြစ်သည်ဟု ဆိုနိုင်ကြောင်း။

ဆန်ကြိတ်ခွဲထုတ်လုပ်မှု

နောက်ဆုံးအနေဖြင့် တင်ပြရလျှင် တစ်ချိန်က မြန်မာ့ဆန်သည် ကမ္ဘာမှာ ထိပ်တန်းကိုရောက်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ထိပ်တန်းရောက်သည့် အချိန်က ပြည်တွင်းက ဆန်စက်များ၏ ကြိတ်ခွဲမှုစွမ်းပကားကြောင့်ဆိုလျှင် မမှားကြောင်း၊ ယနေ့ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄သည် ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေသည့် ဆန်ကြိတ်ခွဲထုတ်လုပ်ရေးကဏ္ဍကို မြှင့်တင်ပေးသည့်ပွဲတစ်ပွဲဟုလည်း ပြောနိုင်ကြောင်း၊ တစ်ဖက်က ဆန်စပါးမူဝါဒသစ်အရ ပုဂ္ဂလိကပိုင်းကို အကူအညီပေးသည့် ပြပွဲတစ်ပွဲလည်းဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ယင်းပြပွဲ၏ ဆောင်ပုဒ်ဖြစ်သည့် "ဆန်စက်ဖွံ့ဖြိုး တို့ပြည်ကျိုး" ဆိုသည့်အတိုင်း ပြည်တွင်းတွင်ရှိသည့် ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားကို အရည်အသွေး မြင့်မားတိုးတက်ကောင်းမွန်သော ဆန်များ ပိုမိုတင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အနေဖြင့် အကျိုးကျေးဇူးများရရှိလာလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ ကျင်းပရေးဦးစီးကော်မတီနာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ဂါရဝပြု ပေးအပ်သည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြပွဲတွင် ပါဝင်ပြသသည့် နိုင်ငံခြားကုမ္ပဏီများမှ လုပ်ငန်းရှင်လေးဦးတို့အား ပြပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ ကို ဂုဏ်ပြုသောအားဖြင့် အလှူရှင်များဖြစ်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၆၇၇၀၀၀ တန်ဖိုးရှိ တစ်နာရီလျှင် ဆန် ၁၀ အိတ် ကြိတ်ဖွပ်နိုင်သော ဆန်စက်ငယ်တစ်လုံး၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ တစ်နာရီလျှင် ဆန်ခြောက်အိတ် ကြိတ်ဖွပ်နိုင်သော ဆန်စက်ငယ်တစ်လုံး၊ သောင်းဝင်း စက်မှုကုမ္ပဏီ ပိုင်ရှင် ဦးသောင်းဝင်း မိသားစုက ငွေကျပ် ၁၂၀၀၀၀၀ တန်ဖိုးရှိ ၂၀၀၃ ခုနှစ် မန္တလေး စက်မှုလက်မှုပြပွဲတွင် ထုတ်ကုန်ပစ္စည်း အရည်အသွေး ကောင်းမွန်မှု ရွှေတံဆိပ်ဆုရရှိခဲ့သည့် စပါးနှင့် လုံးတီးခွဲခြား စက်တစ်လုံးနှင့် Exotic Wings Co., မှ မန်နေဂျင်းဒါရိုက်တာနှင့် အထွေထွေမန်နေဂျာများဖြစ်ကြသော ဦးညွှန့်ဝင်းနှင့် ဦးဟင်ဘီးတို့က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ တစ်နာရီလျှင် ဆန်ခြောက်အိတ် ကြိတ်ဖွပ်နိုင်သော ဆန်စက်ငယ် တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာ့ဆန်စက် လုပ်ငန်းပြပွဲ–၂၀၀၄ ကျင်းပရေး ဦးစီးကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ သံတမန်များနှင့် ဧည့်သည်တော်များသည် ပြပွဲအတွင်း ခင်းကျင်းပြသထားသော ပြည်တွင်း ပြည်ပ ကုမ္ပဏီများ၏ စက်မှုလယ်ယာသုံးယာဉ်နှင့် သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးပြခန်း၊ ဆန်စက်မပေါ်မီ စပါးမှ ဆန်အဖြစ်သို့ ကြိတ်ဖွပ်ပုံအဆင့်ဆင့်၊ ဆန်အရောင်တင်စက်၊ အရောင်တင်စက်ဖြင့် အရောင်တင်ပြီး ကုန်ချောဆန်များ၊ စပါးအခွံချွတ်စက်၊ ဆန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များ၏ ဆန်အရောင်းဆိုင်များ၊ စပါးသန့်စင်စက်၊ လုံးတီးနှင့် စပါးခွဲခြားစက်၊ တုံးလုံးဆန်ဖြူဖွပ်စက်၊ ဆန်ဖြူပိုင်းဆန်ခါပြခန်းများ၊ အခြားလျှပ်စစ်ပစ္စည်းများနှင့် ထရန်စဖော်မာများပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြပွဲကျင်းပရာ အဆောက်အအုံမှ နံနက် ၁၀နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

စိတ်ဝင်စားဖွယ်ပြသထား

ပြပွဲတွင် ပြည်တွင်းကုမ္ပဏီများနှင့် ပြည်ပနိုင်ငံများဖြစ်ကြသော တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီများ စုစုပေါင်း ကုမ္ပဏီ ၃၆ခုတို့က ပြပွဲကျင်းပရာ အဆောက်အအုံ၏ မျက်နှာစာ၌ ပြခန်းငါးခု၊ မြေညီထပ်၌ ပြခန်း ၁၂၅ခုနှင့် ပထမထပ်၌ ပြခန်း ၂၀ အပါအဝင် စုစုပေါင်း ပြခန်း ၁၅၀ တို့ဖြင့် ဆန်စက်အမျိုးမျိုး၊ ဆန်စက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးနှင့် ဆန်စက်လက်တွေ့လည်ပတ် ကြိတ်ခွဲပုံများကို ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသထားသည်။

ထို့အပြင် ပြည်နယ်နှင့်တိုင်း စက်မှုဇုန်များဖြစ်ကြသည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အရှေ့)၊ ပဲခူးတိုင်း(အနောက်)၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ် စက်မှုဇုန်တို့ကလည်း ဆန်စက်များနှင့် ဆန်စက်အပိုပစ္စည်းများကို ခင်းကျင်းပြသထားသည်။

အဆိုပါ မြန်မာ့ဆန်စက် လုပ်ငန်းပြပွဲ–၂၀၀၄ ကို ဇန်နဝါရီ ၈ရက်မှ ၁၁ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ဇန်နဝါရီ ၉၊ ၁၀နှင့် ၁၁ရက်တို့တွင် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ မြန်မာ့ဆန်စပါး အရည်အသွေးမြင့်မားရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့ဆန်စက် လုပ်ငန်းပြပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားတွင် ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ကျန်းမာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဖေဖော်ဝါရီ ၃ရက်မှ ၇ရက်အထိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပမည်ဖြစ်ရာ စာတမ်းပေါင်း ၈၂စောင်နှင့် ပိုစတာ ၁၈ခုကို ဖတ်ကြားတင်သွင်းပြသထားမည်ဖြစ်သည်။ သုတေသနညီလာခံသို့ စာတမ်းရှင်များ၊ သက်ဆိုင်ရာ သုတေသီများနှင့် စိတ်ပါဝင်စားသူ ပညာရှင်များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)

မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဝန်ထမ်းနှင့် နိုင်ငံသားတိုင်း တာဝန်သိစိတ်ဖြင့် ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့်အတူ ဇန်နဝါရီ ၇ရက် နံနက်စနာရီတွင် ကလေးတပ်နယ် ခန်းမ၌ ကလေးတပ်နယ်နှင့် ကျီကုန်းတပ်နယ်မှ အရာရှိစစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး ရှင်းလင်းမှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကလေးမြို့ မြို့နယ် ခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိ ရပ်ဖများ အား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုး ရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မိမိဒေသနှင့် နိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက် လာအောင် ဝန်ထမ်းများနှင့် နိုင်ငံသား တိုင်း တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်း လုပ်ကိုင်ဆောင်ရွက်ကြရေး မှာကြား သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ် စစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ၊ တပ် မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ကလေး ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကလေး မြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့ စက်သုံးဆီအရောင်းဆိုင်၌ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေကိုလည်း ကောင်း သွားရောက်ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား ဝန်ကြီးဌာန အလိုက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ် ဓာတ်အားနှင့် စက်သုံးဆီများ အချိန်မီ ဖြန့်ဖြူးပေးရေး ဆွေးနွေးမှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကလေးစက်မှုဇုန်ခွဲမှ မော်တော်ယာဉ်ထုတ်လုပ်မှု အခြေအနေ များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်သည့် မော်တော်ယာဉ်များ အရည်အသွေးမြင့်မားရေးနှင့် သုံးစွဲသူ များ အန္တရာယ်ကင်းစွာ အသုံးပြုနိုင် ရေးအတွက် အဓိကထား တီထွင်ထုတ် လုပ်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

❍ လက်ရှိချန်ပီယံမှ

ကြေးမုံက သွားရောက်တွေ့ဆုံ မေးမြန်း ခဲ့သည်။

– စခန်းသွင်းလေ့ကျင့်မှုကို သိလို ပါတယ်။

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁ရက်က စတင် စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ ဒါပေမယ့် ဘောလုံးကွင်း မအားတာ ကြောင့် စုစည်းလေ့ကျင့်ရက် နည်းသွား ပြီး အသင်းပြင်ဆင်မှု အနည်းငယ် ပိုကြာသွားပါတယ်။ လေ့ကျင့်ရက် မျှော်လင့်ထားသည့်အတိုင်း မရသော် လည်း ရသည့်အချိန်များမှာ ကစား သမားများက ပြင်းပြင်းထန်ထန် လေ့ကျင့် ကြ၍ အားရမိပါတယ်။

– အသင်းကို ဘယ်လိုဖွဲ့စည်းထား ပါသလဲ။

ကျွန်တော်တို့ဆီမှာ ကျင်းပတဲ့ပြိုင်ပွဲ များက ပဏာမကစားသမား ၄၅ဦးကို စတင်ရွေးချယ်ပါတယ်။ ထိုမှတစ်ဆင့် ပြိုင်ပွဲများ အဆင့်ဆင့်ပြုလုပ်ပြီး လူရွေး ခဲ့တာ ယခု ပဏာမကစားသမား ၂၅ဦး အထိရှိခဲ့ပါပြီ။ အပြီးသတ် ၁၈ဦးကို ပြိုင်ပွဲနီးမှ ရွေးချယ်မှာပါ။ လက်ရှိ ၂၅ဦးထဲမှာ ယမန်နှစ်က ပြိုင်ပွဲဝင်ခဲ့တဲ့ ကစားသမား၁၄ဦး ပြန်လည်ပါဝင်လာ ပါတယ်။

– ဘယ်လို နည်းစနစ်တွေနဲ့ လေ့ ကျင့်ပါလဲ။

လေ့ကျင့်မှု အစပိုင်းမှာတော့ ကြံ့ခိုင် မှု၊ ဘောလုံးကျွမ်းကျင်မှုကို စလုပ်ပါ တယ်။ ထို့နောက် တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲအပိုင်း တွေ သင်ကြားပေးပါတယ်။ ဒါ့ပြင် နေရာယူမှု၊ နားလည်မှု၊ ခံစစ်၊ တိုက်စစ် တို့အပြင် ဂိုးသွင်းမှန်အောင်လည်း လေ့ကျင့်ပေးထားတယ်။

– အသင်း အနေအထားကိုရော အားရမိပါသလား။

ယမန်နှစ်ထက် ပိုအားရမိပါတယ်။

–ပံ့ပိုးအားပေးမှုကရော ဘယ်လိုရှိပါ သလဲ။

ပံ့ပိုးအားပေးမှုကတော့ အလွန် ကောင်းပါတယ်။ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက ဦးဆောင်မှု ပေးပြီးလိုအပ်တာ ပံ့ပိုးချီးမြှင့်ပါတယ်။ ထို့ပြင် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကလည်း ငွေကြေးပိုင်း ကူညီထားပါတယ်။ ကျွန်တော် ကိုယ်တိုင်ကလည်း လိုအပ်တာတွေ ဖြည့်ဆည်းပေးပါတယ်။

– ယမန်နှစ်က အတွေ့အကြုံကို သိပါရစေ။

ယမန်နှစ်က တွေ့တဲ့အသင်း အားလုံး ကြိုးစားကစားခဲ့ကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့အသင်း ဟာ ပထမအဆင့် အုပ်စုပွဲမှစ၍ နောက်ဆုံး ဗိုလ်လုပွဲအထိ တစ်ပွဲမှ လွယ်လွယ်နှင့် အနိုင်မရခဲ့ပါဘူး။ ကျွန်တော်တို့ထက် အားနည်းတဲ့ အသင်းကတောင် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့်ယှဉ်ပြိုင်ခဲ့ကြလို့ ကျွန်တော် တို့ ပွဲတိုင်းအကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရ တယ်။ ကလေးတွေအနေနဲ့ စိတ်ဓာတ် ကောင်းမှု၊ ကြိုးစားအားထုတ်မှု၊ အောင်ပွဲရလိုစိတ် ပြင်းထန်မှုတို့အပြင် လူကြီးများရဲ့ ပံ့ပိုးအားပေး၊ ဦးဆောင်မှု အပိုင်းတွေကောင်းလို့ ကျွန်တော်တို့ ပြည်ထောင်စုဒိုင်းကို ရယူနိုင်ခဲ့တာပါ။

–လက်ရှိ ချန်ပီယံအသင်းအနေနဲ့ ယခုနှစ် မျှော်မှန်းချက်ကို သိလိုပါ တယ်။

လူဟောင်းအများစုကို အခြေခံထား ပြီး စနစ်တကျလေ့ကျင့်ထားလို့ အထူး အားရမိပါတယ်။ စိတ်ဓာတ်အမြင့်ဆုံး ထားကာ ပြိုင်ပွဲဝင်မှာပါ။ ကျွန်တော်တို့ ကတော့ ပြည်ထောင်စုဒိုင်းကြီး ထပ်မံ ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံး အသင်းသည် (၄၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲတွင် တောင်ကြီးမြို့၌ ကျင်းပသည့် ပထမ အဆင့် အုပ်စုပွဲစဉ်တွင် ကချင်ပြည်နယ် ကို တစ်ဂိုး–ဂိုးမရှိ၊ ချင်းပြည်နယ်ကို သုံးဂိုး–ဂိုးမရှိ၊ စစ်ကိုင်းတိုင်းကို တစ်ဂိုး– ဂိုးမရှိဖြင့် သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ် ဖြင့် အုပ်စုပထမရသည်။

ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပ သည့် ဒုတိယအဆင့်အုပ်စုပွဲစဉ်တွင် ကရင်ပြည်နယ်နှင့် နှစ်ဂိုးစီသရေ၊ ရခိုင်ပြည်နယ်ကို ငါးဂိုး–ဂိုးမရှိ၊ (၄၇) ကြိမ်မြောက် ချန်ပီယံ မန္တလေးတိုင်းကို နှစ်ဂိုး–ဂိုးမရှိတို့ဖြင့် အနိုင်ရကာ နှစ်ပွဲ နိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စု ပထမရကာ အကြိုဗိုလ်လုပွဲသို့ တက် ရောက်ခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် ပဲခူးတိုင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲ သို့ တက်ပြီး ဗိုလ်လုပွဲတွင် တစ်အုပ်စု တည်း အတူကျခဲ့သည့် ကရင်ပြည်နယ် ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရကာ ချန်ပီယံဘွဲ့ကို ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ် သည်။

သူတို့ပါဝင်

ယခုနှစ်ပြိုင်ပွဲဝင်မည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်း၏ ပဏာမ ကစားသမားစာရင်းမှာ ဂိုး–ကျော်ဝင်း၊ တေဇာညို၊ တင်စိုးဦး၊ နောက်တန်း– မောင်ထွန်း၊ မျိုးဝင်း၊ ကြည်သာ၊ ချိုလေး၊ ဝဏ္ဏ၊ စံငြိမ်း၊ စိုးသီဟ၊ ကျော်အေး၊ အလယ်တန်း–ဇော်ပြေ ငြိမ်း၊ အောင်အောင်ထွေး၊ ရွှေဘော်၊ သန့်ဇင်၊ ဇော်ဝင်းလတ်၊ ထွန်းထွန်းနိုင်၊ သူရိန်ထွန်း၊ ရှေ့တန်း–ကျော်စုထွေး၊ စိုးခိုင်၊ ဝင်းကို၊ ထွန်းထွန်းဝင်း၊ ထွန်းဝင်း၊ထွန်းထွန်းနောင်နှင့် ဇော်ဆန်း ငြိမ်းတို့ ဖြစ်ကြသည်။ **(ကြေးမုံ)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃–၁–၂၀၀၄ မှ ၁၁–၁–၂၀၀၄

အချိန် – နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀ နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ပါသည်။

❒ အသက်(၁၄)နှစ်နှင့်အောက်မှ Shwe Gon Dine Specialist Centre တို့က လည်းကောင်း၊ Official Hotel အဖြစ် Traders Hotelက လည်းကောင်း၊ Official Office Equipment Supplier အဖြစ် Canon က လည်းကောင်း၊ Official Drinking Water အဖြစ် Loi Hein (Alpine) က လည်းကောင်း၊ Official Coffeemix အဖြစ် Myanamr Distribution Group Co., Ltd. (Gold Roast Coffeemix)က လည်းကောင်း၊ Official Sport Supplierအဖြစ် Wilson နှင့် Adidas တို့က လည်းကောင်း အသီးသီးပံ့ပိုး ကူညီ ကြမည်ဖြစ်သည်။

(သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို တပ်မတော်ခန်းမ၌ ဆက်လက် ပြသလျက်ရှိရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဇာတိအဖွဲ့ပြခန်း၌ ဇန်နဝါရီ ၈ရက်က ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီ ကြေညာချက်

၁။ စိုက်ပျိုးမြေ(၅)ဧက၊ တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကိုး ဂဝံခင်းလမ်း၊ လျှပ်စစ်မီးနှင့်ရေပြွန်ပေါက် ပြုလုပ်ရန် တစ်ယူနစ်လျှင် ၆၇၀၀၀၀ိ/–ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ကြက်/ငါးများကိုသာ စိုက်ပျိုး မွေးမြူရမည်။

၄။ နှစ်ရှည်ပင်အားခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက် အလယ်၌ လုံးဝမစိုက်ရ၊ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်ဒလွန်၊ကြောင်လျှာ၊သံပရာ၊ရှောက်၊ ကျွဲကော၊လိမ္မော်၊ ကွမ်းသီး၊အုန်း၊ငှက်ပျော၊ သဘောစသည့်အပင်လတ် အုပ်စုများကိုသာစိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့် ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။(၅၀ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့်ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်/ငါးများကို ပြည်တွင်း၊ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် (၅)နှစ်စိုက်ပျိုးပြီးလုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲ မြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု(မပြု)။

၉။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင်အနည်းဆုံး(၁)ယူနစ်(၅)ဧကမှ အများဆုံး(၂)ယူနစ်(၁၀)ဧက အထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်း(၃)နှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ဧက၊ ကြက်မွေး မြူရေးလုပ်ငန်း ၁၉၈၃ဧက၊ ငါးမွေးမြူရေးလုပ်ငန်း၇၈၃ဧက၊ စက်မှု လုပ်ငန်း၁၅၅ ဧက၊ စုစုပေါင်း၁၀၅၉၂ဧကခွင့်ပြုချထားပေးပြီးဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ (၆)သိန်းကျော်၊ ဥစားကြက် ကောင်ရေ (၁)သိန်းကျော် စုစုပေါင်းကြက်ကောင်ရေ (၇)သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်ပြည်လမ်းဘက်မှ ဇုန်အဝင်ကတ္တရာလမ်း(၅)မိုင်၊ရန်ကုန်–ပဲခူး လမ်း ဘက်မှ ဇုန်အဝင် ကွန်ကရစ်လမ်းမကြီး (၄)မိုင်၊ ဇုန်အတွင်းမြေသား ဂဝံလမ်း၁၀၈မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗွီအေ ဓာတ်အားလိုင်း ၂၈မိုင်၊၄၀၀ဗို့လိုင်း ၅၄မိုင်သွယ်တန်းပေး ထားပြီး ၂၄နာရီ ဓာတ်အားသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့်အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့် အနေဖြင့် လုပ်ငန်းရှင်၁၀၀ဦးသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ထပ်မံ၍ လိုင်း ၅၀၀ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကုန်ကျစရိတ် သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံတစ်ခု ဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူး မြောင်းကွန်ရက်မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင် ရွက်ပေးထားသည့်အပြင် ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကို လည်း မြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီး ဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့်ပံ့ပိုး မှုလုပ်ငန်းဆပ်ကော်မတီဖွဲ့စည်းထားပြီး ဇုန်အတွင်းစိုက်ပျိုးရေး လုပ်သား များကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့ အရောင်းဆိုင်၊ ဓာတ်မြေဩဇာ အရောင်းဆိုင်များဖွင့်လှစ်ပေးထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့်ရဲကင်းစခန်း(၃)ခု ဖွင့်လှစ်ပေးထား သည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း၊ (၁)ခုနှင့်ဇုန်တာဝန်ရုံးနှင့် အစည်းအဝေးခန်းမကြီး(၃)ခု ဆောက်လုပ် ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်း လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါ ဇုန်ကြီးကြပ်ရေး ကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်–

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖုန်း–၃၇၀၅၀၈ တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အမှတ်(၅၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁) တာဝန်ခံ ဖုန်း–၆၆၄၀၉၃ တိုင်း မန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း–၆၄၂၂၇ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ တိုင်းမြေစာရင်းမှူး၊ တိုင်း မြေစာရင်းဦးစီးဌာန အမှတ်(၄၈၆) ဗိုလ်အောင်ကျော်လမ်း၊ ကျောက် တံတားမြို့နယ်။ ဖုန်း–၃၈၀၂၇၃

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။ ဖုန်း–၆၀၁၁၀၀ EX–၁၄၄

၂၂။ (၅၀%) ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ (၆၀)ယူနစ် (၃၀၀)ဧက ပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထား သူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီး ဖြစ်ပါသည်။ အထူး ဇုန်ကြီးကြပ်ရေး ကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏ လုပ်ငန်း များ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းများ အတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော လုပ်ငန်းရှင်များ လုပ်ကိုင်ခွင့် သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

ဝိနယာဓိက ပရိယတ္တိစာမေးပွဲ

ရန်ကုန် ဇန်နဝါရီ ၈

အင်းစိန်မြို့နယ်လုံးဆိုင်ရာ နာယကဆရာတော်ကြီးများ ကြီးမှူးကျင်းပသော (၄၈)ကြိမ်မြောက် ဝိနယာဓိကပရိယတ္တိ သာသနာပြု စာမေးပွဲကြီးကို ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ မြို့နယ်အတွင်းရှိ ဝင်ရောက်ဖြေဆိုလိုသော စာဖြေသံဃာတော်များနှင့် သီလရှင်များ ဝင်ခွင့်တောင်းခံလွှာပုံစံများကို ဇန်နဝါရီ၃၀ ရက်နောက်ဆုံးထား၍ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် မဟာစံတော်ဝင်ကျောင်းဆောင်တွင် ထုတ်ယူတင်သွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဂျာဗားပရိုဂရမ် သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၈

Myanmar Information Technology (MIT)နှင့် Queen Star Computer Center တို့ပူးပေါင်း ဖွင့်လှစ်သော Myanmar Professional Education Center (MPEC)မှ Web-based Java Programming ++ သင်တန်းကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ သင်တန်းတွင် Web Technology နှင့် Java Programming တို့ကို အဓိကထား၍ သင်ကြားပေးမည်ဖြစ် သောကြောင့် Java Programming ကို အခြေခံကျကျ လေ့လာလိုသူများအတွက် အထူးသင့်လျော်သော သင်တန်းဖြစ်သည်။ ထို့အပြင် Special Bonus အနေဖြင့် Linux, MysqL, Oracle 9i တို့၏ အခြေခံကိုပါ သင်ကြားပေးမည် ဖြစ်ပါသည်။ သင်တန်းကို MIT မှ Java ရေးသားထုတ်လုပ်ထားသော Customer Relationship Management System (National ICT Award 2003)နှင့် Hosptial Management System အစရှိသော Software ရေးသားနည်းများကို အခြေခံပြီး အတွေ့အကြုံရှိ Senior Project Manager များကိုယ်တိုင် သင်ကြားပို့ချ ပေးသွားမည်ဖြစ်သည်။ သင်တန်းများပြီးဆုံးပါက Sun Certified Programmer For Java 2 Platform Exam ကို ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ IT Industry များတွင်လည်း Java Programmer တစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည် ဖြစ်သည်။ သင်တန်းတက်ရောက်လို သူများသည် အမှတ်-၁၊ ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၀၅၂၇၈၊ ၅၀၂၈၀၁၊ ၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် အခန်း 30'Mandalay MICT Park၊ ၄ လွှာ၊ ရတနာပုံဈေး အပေါ်ထပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၈၄၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပဲခူးအထက (၆) အာစရိယပူဇော်ပွဲကျင်းပမည်

ပဲခူး ဇန်နဝါရီ ၈

ပဲခူးမြို့ အမှတ်(၆) အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၈ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန် ဖုန်း-၂၁၃၁၁၊ ဦးခင်လှိုင် ဖုန်း-၂၁၃၅၅၊ ဦးဇော်ဝင်း ဖုန်း-၂၄၂၀၈၊ ဒေါ်အေးအေးသန်း ဖုန်း-၂၃၈၈၄ နှင့် ဦးစံမြင့်အောင် အမှတ်-၁၂၄ ရှင်စောပုလမ်း ပဲခူးမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၃၂)

ငွေဆောင်ကျေးရွာ AIDS ရောဂါတိုက်ဖျက်ရေး သင်တန်းဖွင့်

ပုသိမ် ဇန်နဝါရီ ၈

ပုသိမ်ခရိုင် ငွေဆောင်ကျေးရွာ (ငွေဆောင်ကမ်းခြေ)တွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးဇော်ဝင်းနှင့် UNDP တို့မှ တာဝန်ရှိသူများပူးပေါင်း၍ AIDSရောဂါကာကွယ် တိုက်ဖျက်ရေးလုပ်ငန်း စေတနာ့ အကျိုးဆောင် သင်တန်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆေးပေးခန်းတွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်ထိ ဖွင့်လှစ်သည်။

... အမှာစကားပြောကြား ...

သင်တန်းတွင် ဒေသန္တရကျန်းမာရေးမှူး ဦးညွန့်သိန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စေတနာ့ အကျိုးဆောင်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်၍ ဖွင့်ပွဲအခမ်းအနားကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

(၅၃၇)

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး (၂၅)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက်က ရွှေဘုန်းပွင့် ဓမ္မာရုံကြီး၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးက ဖွင့်ပွဲအမှာစကားပြောကြားစဉ်။ (၂၃)

အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

P.E.S Practical English Speaking U Win Maw (Research) အင်္ဂလိပ်စကားပြော သင်တန်းတွင် GCE, TOEFL, IELTS, KET စသည့် သင်တန်းများကို များစွာ အထောက်အကူပြုသည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုဆိုင်ရာ General English Courses ဖြစ်သည့် အခြေခံ Grammar နှင့် Speaking လေးလ အဆင့်မြင့် English Grammar လေးလ အဆင့်မြင့် Spoken English လေးလအဆင့်မြင့် Vocabulary & Reading လေးလ အသံထွက်သဒ္ဒဗေဒပညာရပ် Phonetics တစ်လခွဲ စသည့်လစဉ်ပုံမှန် သင်တန်းများကို သင်ကြားပေးနေပြီဖြစ်သည်။

သင်ကြား

အထူးအစီအစဉ်အနေဖြင့် ကလေးများအတွက် အသက်အရွယ် အလိုက် Levelများခွဲ၍ ရုပ်ပုံကားချပ်များကို ကြည့်၍ ဉာဏ်စွမ်းရည် စမ်းသပ်ခြင်း၊ ဘာသာစကား အထောက်အကူပြု အင်္ဂလိပ်သီချင်းများ သီဆိုခြင်း၊ သဒ္ဒါလေ့ကျင့်ခန်းများနှင့် လက်တွေ့ရေးသားပြောဆိုမှုများ ပြုလုပ်လျက် English Language ကို ထိရောက်စုံလင်စွာဖြင့် သင်ကြားပေးသည်။

စုံစမ်းနိုင်

စိတ်ပါဝင်စားသူများ အမှတ် (၁၈) ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ် (ယုဇနကုန်တိုက်အနီး) ရန်ကုန်မြို့ ဖုန်း- ၅၀၃၉၈၄၊ ၂၂၂၄၂၈ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

ကာတွန်းဆရာကြီး ဦးဗကလေး၏ ကာတွန်းမျက်နှာဖုံးနှင့် ကာတွန်းမြင့်သိန်း၏ "စံရွှေမြင့်" ကာတွန်းဇာတ်လမ်းတို့ အပါအဝင် ဆရာသာဂဒိုး၊ မြေဇာ၊ ကာတွန်းမြင့်စိုးလေး၊ ဖိုးဉာဏ်၊ အဏ္ဏဝါစိုးမိုး၊ မောင်သန်းဆွေ(ထားဝယ်)၊ မောင်ဉာဏ်ကျယ်၊ ညောင်ခါးရှည်မှိုင်းဝေ၊ ဆြာကြီးထိန်၊ ဏီးမှူး၊ ကျော်သစ်၊ ရွှေရိုး (မန္တလေး)၊ မာန်သွေးသစ်မင်း၊ မင်းတင်ထွဏ်း၊ ကျော်ဇောဟိန်း (ဒေါပုံ)တို့၏ ဟာသအတွေးအရေး ရုပ်ရှင်ဇာတ်လမ်းများဖြင့် "ဟာသ" ဂျာနယ် အတွဲ (၂) အမှတ်(၂၃)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း (စာပေဗိမာန်ဘေး) ရန်ကုန်မြို့က **(အပေါ်ဝဲပုံ)** ဖြန့်ချိလိုက်ကြောင်း သိရသည်။

(က-ပ)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ပြုဆုနှင်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ဘိုကလေးမြို့နယ် အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ ၂၀၀၂-၂၀၀၃ ခုနှစ် ပညာသင်နှစ်တွင် ပါရဂူဘွဲ့ ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ မြန်မာတစ်ပြည်လုံး (ဝိဇ္ဇာ/သိပ္ပံ) ထူးချွန်စွာအောင်မြင်သူများ ၁၀ ဦး စာရင်းတွင် ပါဝင်သူများ၊ နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဘွဲ့ထူး၊ အကယ်ဒမီဆုရရှိသူများအား မြို့နယ်အသင်းက ထပ်ဆင့်ဂုဏ်ပြုဆုနှင်းပွဲကို ဇန်နဝါရီ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဝင်းအတွင်းရှိ အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မြို့နယ်အသင်းဝင် အသက်၇၅ နှစ်ပြည့်ပြီးသူများ၊ ကျောင်းသား၊ ကျောင်းသူများ အမည်စာရင်းကို ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးထွန်းလှ ဖုန်း-၂၂၁၄၃၉၊ ဒု-ဥက္ကဋ္ဌ ဦးတင့်ဇော် ဖုန်း-၂၉၁၃၃၈၊ တွဲဖက် အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၂၂၈၈၀၃၊ အသင်းတိုက်ဖုန်း-၂၁၂၅၀၈ သို့တို့ထံ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်သည်။

(က-ပ)

ပိုးမွှားကာကွယ်နှိမ်နင်း

မြင်းမူ ဇန်နဝါရီ ၈

မြင်းမူမြို့နယ် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမှ မြို့နယ်လုံးကျွတ်ရှိ ဝါစိုက်ခင်းများအား ပိုးမွှားကာကွယ် နှိမ်နင်းခြင်းလုပ်ငန်းအား ဇန်နဝါရီ ၁ ရက်က ကျင်းပရာ လုပ်ငန်းခွင်တွင် ခရိုင်မန်နေဂျာ ဒေါ်မြင့်မြင့်ဦး မြို့နယ်မန်နေဂျာ ဒေါ်မြတ်မိုးဝင်းနှင့် ကွင်းတာဝန်ခံများ၊ ကျေးရွာဥက္ကဋ္ဌများ၊ တောင်သူများ ပူးပေါင်း၍ ကျေးရွာအုပ်စု ၂၁ အုပ်စုရှိ ဝါမျိုးသန့်ဇုန် ဧက ၈၀၀ တို့အား ပိုးမွှားကာကွယ် နှိမ်နင်းရေးကို ဆောင်ရွက်ကြကြောင်း သိရသည်။

(၂၂၅)

ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

မိုးကောင်း ဒီဇင်ဘာ ၃၁

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဝင်းကျော်ကျော်တို့သည် ဒီဇင်ဘာ ၂၂ ရက်က ရေရှင်-ကုလားကုန်း ကျေးရွာချင်းဆက်လမ်းကို ကျောက်ချော ခင်းကျင်းလျက်ရှိသည့် လုပ်ငန်းခွင်သို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ လမ်းသည် အရှည် ၂၅၇၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကျပ် ၃၆ သိန်း အကုန်အကျခံ၍ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

(၄၉၉)

ရွှေကျောင်း၊ ကော့ကပ်ကျေးလက်လမ်းများအတွက် အသုံးပြုရန် ရောက်ရှိလာသော ကျောက်ကြီးများအား ဒီဇင်ဘာ ၁ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးတင်အောင်ငွေနှင့် ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ကွင်းဆင်းစစ်ဆေးတိုင်းတာကြစဉ်။

(မြို့နယ်စည်ပင်)

ဆုချီးမြှင့်

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၃ ရက်က ကျောင်းခန်းမ၌ ပြုလုပ်ရာ လေးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသူ မဝတ်ရည်ထွန်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းမာက ထူးချွန်ဆုချီးမြှင့်စဉ်။

(က-ပ)

ကျန်းမာရေးစစ်ဆေး

ပုသိမ် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတွင် အထူးဖွင့်လှစ်ထားသော သားဖွားဆောင်သို့ ဧရာဝတီတိုင်း ပုသိမ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးအောင်ကြည်ဝင်းနှင့် တိုင်းသားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သန်းသန်းအေးနှင့် ဆရာဝန်များသည် ဒီဇင်ဘာ ၁၇ ရက်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားဆောင်တွင် တက်ရောက်နေသော သားဖွားမိခင်နှင့် ကလေးများအား ကျန်းမာရေးစစ်ဆေး၍ လှည့်လည်ကြည့်ရှုအားပေးစဉ်။

(၁၆၅)

ဒီဇင်ဘာ ၁၉ ရက်က မအူပင်တက္ကသိုလ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး အစီအစဉ်အရ ဟောပြောပွဲနှင့် ပြပွဲတွင် ဆုရရှိသူကျောင်းသူတစ်ဦးအား မအူပင်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဦးစောဝင်းက ဆုချီးမြှင့်စဉ်။

(က-ပ)

အိပ်မက်နတ်သမီး ဇာတ်ကားသစ်ရုံတင်

မိုးကောင်း ရုပ်ရှင်အတွက် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွန်း ရိုက်ကူးသည့် "အိပ်မက်နတ်သမီး" ဇာတ်ကားမှ ဒွေးနှင့် အိန္ဒြာကျော်ဇင်တို့၏ ကြည်နူးဖွယ်အပြုံး။

ရန်ကုန် ဇန်နဝါရီ ၈

ယခုသောကြာပတ်တွင် မိုးကောင်းရုပ်ရှင်အတွက် လွန်းထားထား၏ ဝတ္ထုကို ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူး၍ ဒွေး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်ကြသည့် **အိပ်မက်နတ်သမီး** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများ၌ တင်ဆက်ပြသသည်။

ခေတ်ပညာတတ် လူငယ်တစ်ဦးနှင့် သူ၏ဇနီး၊ ပြီးတော့ အိပ်မက်ဆန်ဆန် တွေ့ရသော မိန်းကလေးတစ်ဦးတို့၏ အချစ်ဇာတ်လမ်းကို ကြည်နူးစရာ အလှအပများဖြင့် ဆင်ယင်ပြသထားသော အချစ်သရုပ်ဖော် ဇာတ်ကားဖြစ်သည်။

ဆက်လက်၍ မေတ္တာရောင်ပြန်ရုပ်ရှင်အတွက် ဒါရိုက်တာ မောင်တင်ဦး ရိုက်ကူး၍ ကျော်ဟိန်း၊

မင်းမော်ကွန်း၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သည့် **နေကမွေးတဲ့လ** ဇာတ်ကား ရွှေ့ဆောင်၊ နေပြည်တော်နှင့် နဝဒေး ရုံကြီးများ အောင်ပွဲခံပြသလျက်ရှိသည်။

ဒါရိုက်တာ ဝါဝါဝင်းရွှေရိုက်ကူး၍ ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ လူမင်း၊ ဝါဇင်၊ ဝင်းထွန်းထွန်း ရိုက်ကူး၍ ရာဇာနေဝင်း၊ မို့မို့မြင့်အောင်နှင့် ခိုင်သင်းကြည်တို့ ပါဝင်သည့် **မောင့်ရဲ့သစ္စာ** ဇာတ်ကား ဆက်လက် တင်ဆက်သည်။

အလားတူ မြို့မရုံတွင် အကယ်ဒမီရ အိန္ဒိယဇာတ်ကားသစ်ဖြစ်သည့် Kyaa Dil Ne Kshaa အမည်ရှိ အချစ်နှင့် ဂီတသရုပ်ပြ ဇာတ်ကား ဆက်လက်ပြသနေသည်။

အိန္ဒိယဇာတ်ကား Qahar အမည်ရှိ ဇာတ်ကား မြေနီကုန်း ရတနာပုံရုံတွင် တင်ဆက်ပြသသည်။ **(ကြေးမုံ)**

"နေကမွေးတဲ့လ" ဇာတ်ကားမှ မင်းမော်ကွန်းနှင့် တင့်တင့်ထွန်းတို့ မာနတရားကို ယှဉ်ပြိုင်ဟန်။

အကယ်ဒမီဆုရ ဆန်ရေ ပြသမည်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၂ ခုနှစ်အတွက် အကယ်ဒမီဇာတ်ကားဆုရရှိခဲ့သည့် စိမ်းဝါနီ ရုပ်ရှင်မှ ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူးသော "ဆန်ရေ" ဇာတ်ကား လာမည့်သောကြာ ဇန်နဝါရီ ၁၆ ရက်တွင် ဝဇီရာနှင့် ပဒေသာရုံများ၌ ပြသမည်ဟုသိရသည်။

ထိုဇာတ်ကားတွင် ညွှန့်ဝင်း၊ မြင့်မြင့်ခိုင်၊ လွင်မိုး၊ ခိုင်နှင်းဝေတို့ ပါဝင်သရုပ်ဆောင်ကြသည်။

(ကြေးမုံ)

၂၀၀၄ခုနှစ် နက္ခတ်ပညာနှင့် သင့်ကံကြမ္မာ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းအဖွဲ့မှ စီစဉ်ထုတ်ဝေထားသည့် (၁၂)ရာသီဖွားများအတွက် နက္ခတ်ပညာဖြင့် တွက်ချက် အဟောထုတ်ထားသည်။ ၂၀၀၄ခုနှစ်အတွင်း စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ လာဘ်လာဘ ကိစ္စများကို ခုနစ်ရက်စီ ဟောဆိုထားသည်။ တန်ဖိုးကျပ် ၂၀၀ ဖြစ်ကြောင်း သိရသည်။ (က-ပ)

ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာတို့ ပါဝင် သရုပ်ဆောင်ကြသည့် **ညွှန်းစာဖွဲ့လို့မမီ** ဇာတ်ကားမှာ ဆုထူးပန်၊ ဝဇီရာ၊ စံပြ၊ ရွှေမန်း၊ သီတာနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်၍ ပရိသတ်၏ အားပေးမှုကို ခံယူလျက်ရှိသည်။

ယခုအပတ်တွင် ရွှေဂုန်ရုံ၌ ပြသဆဲရှိသော အဆင့်မြင့် ဒီဗွီဒီဇာတ်ကားဖြစ်သည့် စာရေးဆရာမကြီး ခင်ဆွေဦး၏ ဝတ္ထုကို ဒါရိုက်တာ

ဇန်နဝါရီလထုတ် Executive စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း မျက်နှာဖုံးကို တွေ့ရစဉ်။

(က-ပ)

ဝန်ထမ်းအလိုရှိသည်
(မြည်တွင်း၌သာဝန်ထမ်းရန်)
Riverine Cruise တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။
၁။ အထွေထွေမန်နေဂျာ (G.M) ဘွဲ့ရ ကျား (၁) ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၆)နှစ်
၂။ စာရင်းကိုင် (Accountant)လုပ်ငန်း
အတွေ့အကြုံ(၂)နှစ် ကျား/မ (၃) ဦး
၃။ အမျိုးသမီး အဆိုတော် မ (၂၀) ဦး
၄။ လုံခြုံရေး(အသက်၃၀နှစ် -၄၅နှစ်ကြား) ကျား (၃) ဦး
အမှတ်(၃)အတွက် ရုပ်ရည်အသင့်အတင့်ရှိရန်လိုပြီး လစာကောင်း၍ အဆောင်စီစဉ်ပေးမည်။
လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။
(ကြော်ငြာပါပြီး တစ်ပတ်အတွင်း နေ့လည်(၁း၀၀)နာရီမှ ၄း၀၀နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။)
Riverine Cruise (PH : 706010)
(မြတ်သန္တာမြစ်တွင်း အပျော်စီးရေယာဉ်နှင့် ရေပေါ်စားဥယျာဉ်)
အမှတ် (၂) စဉ့်အိုးတန်းဆိပ်ခံဇောတ်တား

မွေးစားသားအဖြစ်မှ အမွေပြတ်ကြေညာခြင်း

ရန်ကုန်မြို့ စမ်းချောင်း၊ ဟသ်ာတလမ်း၊ အမှတ် (၃၈)နေ မောင်ဌေးဝင်း LPN-၀၀၁၈၅၇သည် မွေးစားမိဘအပေါ်၌ ကိုယ်နှုတ်နှစ်ပါးဖြင့် စော်ကားသဖြင့် ၎င်းအား ယနေ့မှစ၍ မွေးစားသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ဦးတင်မြင့် ၁၂/စခန(နိုင်) ၀၂၂၇၄၇

မူဆယ်၌ ဘိန်းဖြူ ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၈

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး) တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ရက်တွင် မူဆယ်မြို့ မန်ဝန်းရပ်ကွက် အိမ်အမှတ်(မရှိ)နေ ဟန်လီယုတ်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဟန်လီယုတ်အား နေအိမ်တွင် မတွေ့ရဘဲ ယင်းအိမ်တွင်ရောက်ရှိနေသူ မူဆယ်မြို့ မုံးပေါ်ကျေးရွာ (၃)ရပ်ကွက်နေ ဦးမာကမ်း၏သား ခေါင်ရှင်း(ခ) ဟုန်ယီမြင့်နှင့် မူဆယ်မြို့ စွမ်းစော်ရပ်ကွက်နေ ဦးမိုင်ခမ်း၏သား အိုက်ယီတို့ နှစ်ဦးအား ဘိန်းဖြူ ၇ ဒသမ ၆ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း မှတ်စုတိုများ

စိတ်ကူးချိုချိုစာပေ အမှတ် (၈၅) ၁၆၄လမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၇၂၆၆၂၄ က တက္ကသိုလ်ဝင်တန်းများအတွက် ပညာရေးအထောက်အကူပြုအဖြစ် ထုတ်ဝေလိုက်သော ဦးမြင့်သိန်း (သမိုင်း)၏ "မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း မှတ်စုတိုများ" စာအုပ်မျက်နှာဖုံး။

(က-ပ)

သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားစာ

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၆၅)နှစ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၂-၂၀၀၃ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များ ဆုချီးမြှင့်ပွဲတို့နှင့်အတူ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအတွင်း ရွှေတိဂုံဘုရားကြီး တောင်ဘက်မုခ် စာရင်းစစ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသက် (၇၅)နှစ်ပြည့် အသင်းဝင် သက်ကြီးများ၊ ဂုဏ်ထူးရှင်များ စာရင်းကို အသင်းတိုက်အမှတ်(၂၇၅) (ပ-ထပ်) ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၃၈၀၁၀၆သို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ၊ ရန်ကုန်ရောက် ညောင်တုန်းနွယ်ဖွားများအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

Bellay ဘဲလေး
Digital Photo Studio

အလှဆုံးဓါတ်ပုံ အကောင်းဆုံးဆေးသား
ရိုက်ချက်ခိုင်
ဘဲလေးတွင် ကြိုတင်စာရင်းပေးနိုင်ပြီ။
❖ ချိန်းပေးရက်အတိုင်းအပ်နှံ ❖
နံနက် (၆) နာရီမှ ည (၈)နာရီထိ
အမှတ် (၁၈၄)၊ ၂၈-လမ်း ၊(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၆၅၀၂

Manchester United Vs Newcastle United
LIVE
Tiger EPL NITE!
10.1.04(SAT) ချစ်ကောင်း ၊ Acid ၊ R-ဇာနည် ၊ ထူးအယ်လင်း ၊ သျှီ ၊ ယုဇန ၊ ရွှေထိုက်
GRider
11.1.04(SUN) ရိုင်ဇို ၊ ဇလျှက် ၊ The Ants ၊ ၊ ဘဲလေး ၊ ၊ TooBig ၊ ၊
DJ
၅၀၀၀ ကျပ်
၃၅၀၀ ကျပ်

မြတ်သန္တာ
မြစ်တွင်းအပျော်စီးရေယာဉ်နှင့် ရေပေါ်စားဥယျာဉ်

✧ မြတ်သန္တာဖွင့်လှစ်ခြင်း (၃)လပြည့်ရေပေါ်စားဥယျာဉ်မှ အထူးအစီအစဉ် (၉.၁.၂၀၀၄) ✧
ရယ်သောသူသည် အသက်ရှည်၏ အပါအဝင် NON STOP SHOW များ…
* မောင်မေတ္တာနှင့် ကိုပေါ်လေးတို့၏ ဟာဒယရွှင်ဆေး
* နိုင်ငံကျော်မျက်လှည့်ပညာရှင် Mr. Top ၏ ထူးထွေဆန်းပြားဟာသမျက်လှည့်
* Queen Star အဖွဲ့၏ ဖျော်ဖြေမှု
* Lime Light အဖွဲ့၏ မြူးကြွသောအစီအစဉ်များကို ခံစားဘို့အတွက်…
* ည ၈း၃၀နာရီမှ စတင်ဖျော်ဖြေပါမည်။ (တစ်ဦးလျှင် ဝင်ကြေး ကျပ် ၂၀၀၀) *
စနေ (၁၀. ၁. ၂၀၀၄)ရက်နှင့် တနင်္ဂနွေ (၁၁. ၁. ၂၀၀၄)ရက်များတွင် ထူးခြားသောအစီအစဉ်များနှင့်အတူ ပုံမှန်အတိုင်း ညနေ ၅း၃၀နာရီတွင် ရေယာဉ်ထွက်ခွာပါမည်
ရုံးစခန်း အမှတ်-၁၂၉(မြေညီထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၈၇၆၉၁၊ ၅၄၅၆၁၃၊ ၂၂၂၂၄၁၊ ၂၁၀၈၂၃၊ ၇၀၆၀၁၀၊ ၀၉ ၈၀ ၃၃၉၈၁၊ ၀၉ ၈၀ ၂၁၀၃၇၊ ၀၉ ၅၀ ၁၅၃၅၄

Congratulation
Academy Lu Min

From

GRAND SLAM (Munsingwear)
S P O R T S W E A R
No. (29/74), Front Row, Bogyoke Aung San Market. Tel : 240966, 256411 Ext : 755
Fax : 243731, E-mail : YTPBGM@mptmail.net.mm

I. [illegible]
II. [illegible]
- Operator I [illegible]
- Operator II [illegible]
- Helper [illegible]
III. [illegible]
- Operator I [illegible]
- Operator II [illegible]
- Helper [illegible]
IV. Boiler
- Operator I [illegible]
- Operator II [illegible]
- Helper [illegible]
V. Electrical
- Electrical I [illegible]
- Electrical II [illegible]
VI. [illegible]
VII. [illegible]

JOB VACANCY
(For Local Service Only)

1. Sales & Marketing Staff (M/F) 4 Post
   - Minimum matriculation passed, diploma and graduate
   - Minimum 2 years experience in sale
   - Computer literate
   - Can travel to any regions in the whole Myanmar.
   - Driving License
   - Proficiency in English

An attractive salary and other benefits will be offered to the right candidates. Please send your resume detailing your career history, recent photo, copies of professional qualification and labour registration card to the below address within one week after this advertisement.

FAMAT CO., LTD.
No. 91/105, Bldg(1), Second Floor(Right),
Min Ye Kyaw Swar ST, Lanmadaw TS,
Yangon, Myanmar.
Tel: 212286, Fax: 212286.

APPOINTMENTS
(For local service only, salary in Kyats)

The International Standard Beach Resort in **Ngapali**, schedule to open in March 2004 looking for following energetic, mature, result-oriented person, believe in service industry for our employment. All these person must be stationed in Ngapali for minimum of one year contract and except indicated

1. **Resident Manager (M/F) 1 post**
   Any Graduate with fluent in English. Must have at least 5 years service in hotel industry in Manager level.
2. **Food & Beverage Manager (M/F) 1 post**
   Any Graduate. Must have at least 5 years service and strong in F & B service. Fluent in English is must.
3. **Front Office Manager (M/F) 1 post**
   Any graduate. Must have at least 3 years service in Manager or supervisor level in hotel. Fluent in English is must.
4. **Housekeeping Manager (M/F) 1 post**
   Must have at least 3 years service in Manager or supervisor level in hotel. Able to speak in English.
5. **Maintenance Manager (M) 1 post**
   B.E or A.G.T.I (Electrical or Mechanical). At least 3 years supervisor level in building maintenance.
6. **Secretary (M/F) 1 post**
   B.A (English) Fluent in English and able to give training to staff. Computer literate and leader skill.
7. **Manager(Yangon) (M/F) 1 post**
   Any graduate. Have vast knowledge on marketing and purchasing. Computer literate and able to communicate in English.
8. **Accountant(Yangon) (M/F) 1 post**
   B.com or LCCI. Computer literate. English speaking added advantage.

Please send your resume, recent photo, labour registration card and expected salary to **P.O box(846)** within 14 days after the date of this advertisement. Only short listed candidate will be informed for interview.

ဝန်ထမ်းအလိုရှိသည်။ ([illegible])

(1)	B.E (or) A.G.T.I (Civil)	ကျား	(၁) ဦး
(2)	Showroom Manager	မ	(၂) ဦး
(3)	T.I.G Argon Welder	ကျား	(၅) ဦး
(4)	Accountant	မ	(၂) ဦး
	B.Com (or) L.C.C.I Level (III)		

[illegible]

PIAS
HAPPY NEW YEAR, 2004

PIAS [illegible]

[illegible]

- Buy 5000 ks & up - Get PIAS (2004) Calendar
- Buy 30000 ks & up - bsc Moist Pack (1pcs)
- Sheene 2 Way Cake [illegible] - [illegible] ~~225-B~~ [illegible] ~~190-B~~ [illegible] 170 B
- Sheene Cream Puff [illegible] - [illegible] ~~170-B~~ [illegible] ~~150-B~~ [illegible] 140 B
- Special Discount

PROMOTION COUNTER

8.1.04 to 10.1.04	Face & Hair (Rm L-7 [illegible])	10:00 am to 5:00 pm
10.1.04 to 12.1.04	Hello Beauty Salon ([illegible])	10:00 am to 5:00 pm
13.1.04 to 16.1.04	MK Fashion Shop([illegible])	10:00 am to 7:00 pm
15.1.04 to 18.1.04	[illegible]	10:00 am to 6:00 pm
17.1.04 to 18.1.04	Junction 8 ([illegible])	10:00 am to 7:00 pm

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
အရောင်းတင်ဒါ ၁/၂၀၀၃-၂၀၀၄

၁။**ရောင်းချမည့်ပစ္စည်းများ**-ချည်လေဝါလေ၊ ဖြတ်စညှပ်စများ
အထွေထွေပစ္စည်းဟောင်းများ
၂။**တင်ဒါပိတ်ရက်အချိန်**-၁၅-၁-၂၀၀၄ရက် ၁၅:၀၀နာရီ
၃။**တင်ဒါပုံစံရောင်းမည့်ရက်**-၁၂-၁-၂၀၀၄

Honey Moon Car Rental

မြို့တွင်း၊ ပြင်၊ လချုပ်၊ ကားမျိုးစုံ ရှိသည်။ ကုမ္ပဏီ၊ စက်ရုံးသုံးရန် Town Ace, Dyna, Canter ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါရန်။
ဖုန်း-၀၉-၅၀ ၁၈၈၆၇၊ ၂၄၀၈၃၂၊ ၂၈၇၁၂၉။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ပုဇွန်တောင်(၄၉)လမ်း(အလယ်)၊ ၁၂ ၁/၂ X၆၀ ဟောင်ကောင် (၃+၄) ဖုန်း၊ ရေ၊ မီး။
၂။ ရေကျော်၊ မဟာဗေဒ္ဓလမ်း၊ ၁၂ ၁/၂ X၆၀၊ မြေညီ+ပ၊ တတိယလွှာ ဖုန်း၊ ရေ၊ မီး။ **ဖုန်း-၅၃၈၂၅၁၊ ၇၂၂၂၂၇။**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်မောင်ကျော်မိုး(SCG-၀၁၃၆၁၄)၏ဇနီး မသင်းသင်းအောင် (ခ) ဘုတ်ဘုတ် [၁၂/စခန(နိုင်) ၀၀၃၇၀၇] သည် အကြိမ်ကြိမ် နေအိမ်မှဆင်းသွားလေ့ရှိပြီး (၂၉-၁၂-၂၀၀၃)နေ့တွင် ထပ်မံဆင်းသွားပါ၍ သည်းခံခွင့်လွှတ်နိုင်ခြင်း မရှိတော့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် သူမနှင့် ပတ်သက်သမျှလို (လုံး၀)တာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ကျော်မိုး(SCG-၀၁၃၆၁၄)။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
[တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀(က)]
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၂၀၅

ဒေါ်နန်းနု နှင့် ဦးဝူကျုံးဝေး

ယခင်ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၆၀)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ်(၄၂၁/၄၂၂)နေ ဦးဝူကျုံးဝေး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်နန်းနုက လင်မယားကွာရှင်းပေးစေလိုမှုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၆ရက်(၁၃၆၅ခုနှစ် ပြာသိုလဆန်း ၁၀ရက်)နေ့ နံနက်(၁၀)နာရီအချိန်တွင် အထက်အမည်ပါရေးသားသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်နှင်းဦး(တ/၁၆၀၆)
ဒုတိယခရိုင်တရားသူကြီး(၂)
အရှေ့ပိုင်းခရိုင်တရားရုံး။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ဒေါ်တင်တင်ထွေး(၁၂/ဗဟန(နိုင်)၀၆၃၅၃၅) အဘ(ဦးသောင်းရွှေ)သည် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၇)လမ်း၊ တိုက်(၁၇)၊ အခန်း(၁၀၄)နေအိမ်မှ ၁၈-၁၀-၂၀၀၃ နေ့မှစ၍ မိမိဆန္ဒအလျောက်ဆင်းသွားပြီး ခွင့်မလွှတ်နိုင်သောကိစ္စများ ပြုလုပ်သွားသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှမျိုး [၉/ပမန(နိုင်)၁၅၀၁၄၅]။

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်အောင်သီဟ (ခ) ဇော်ဇော် [၇/တငန (နိုင်) ၀၀၂၀၁၆] သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စများအား တာဝန်မယူပါကြောင်း။

ဖခင်-ဦးစိုးမြင့်[၇/တငန(နိုင်)၀၇၉၇၅၆]
မိခင်-ဒေါ်ခင်မို့မို့
[၇/တငန(နိုင်)၀၆၇၂၆၇]။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ပါရဂူဘွဲ့အင်ဂျင်နီယာ/ဗိသုကာသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၀၄ပညာသင်နှစ်အတွက် အောက်ပါ ပါရဂူဘွဲ့အင်ဂျင်နီယာ/ဗိသုကာသင်တန်းများကို ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၉ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၆-၁-၂၀၀၄နေ့ နောက်ဆုံးထား၍ လိုအပ်သောအထောက်အထားမူရင်း၊ မိတ္တူများ ပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ	အနိမ့်ဆုံးသတ်မှတ်အရည်အချင်း
၁။ Ph.D.(Civil)	- M.E(Civil)
၂။ Ph.D.(Mechanical)	- M.E(Mechanical)
၃။ Ph.D.(Electronic Power)	- M.E(Electronic Power)
၄။ Ph.D.(Electronic)	- M.E(Electronic)
၅။ Ph.D.(Chemical)	- M.E(Chemical)
၆။ Ph.D.(Textile)	- M.E(Textile)
၇။ Ph.D.(Mining)	- M.E(Mining)
၈။ Ph.D.(Petroleum)	- M.E(Petroleum)
၉။ Ph.D.(Metallurgy)	- M.E(Metallurgy)
၁၀။ Ph.D.(Aeronautical)	- M.E(Aeronautical)
၁၁။ Ph.D.(Architecture)	- M.Arch

၂။ အထက်ပါ ပါရဂူဘွဲ့ သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး သင်တန်းစတင်မည့် ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၉ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
၃။ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
၄။ လျှောက်ထားသူများသည် အင်္ဂလိပ်စာရေးဖြေ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း ခံယူရပါမည်။
၅။ အင်္ဂလိပ်စာဘာသာရပ် ရေးဖြေစာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၂-၁-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက်(၉)နာရီအချိန်၌ ဖြေဆိုရပါမည်။
၆။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၃ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်ပါမည်။ အသက် (၈၀) ပြည့်နှစ်နှင့်အထက် အဘိုး၊ အဘွားများပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများအတွက် စာရင်းပေးသွင်းကြရန်နှင့် မိသားစုများနှင့်အတူ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ- ရဲတပ်ဖွဲ့ဓမ္မာရုံ(ဦးထောင်ဘိုလမ်း) ရွှေတိဂုံဘုရားကြီး အရှေ့တောင်ဘက်၊ ဗဟန်းမြို့နယ်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မောင်လှိုင်မိုး

M.SC(Electrical Engineering) (N.U.S)
B.E(Electronics)(Y.I.T)
(Engineer, Chartered Semicondutor Manufacturing Ltd., Singapore)

နှင့်

Dr. ခင်သီတာအောင် M.B.,B.S°(YGN)

(လက်ထောက်ဆရာဝန် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး)

တို့၏ ၃-၁-၂၀၀၄ရက်တွင် မော်လမြိုင်မြို့၊ ငွေမိုးဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်အရာရှိများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁-၁-၂၀၀၄နေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော မွန်ပြည်နယ် တရားသူကြီး ဦးကျော်ညွှန့်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော အန်တီ့သမီး၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော အောင်မိုးလွင်နှင့်အဖွဲ့၊ ဗီဒီယိုရိုက်ကူးပေးသော ကိုကျော်ကျော်နိုင်၊ ဓာတ်ပုံ(လောကနတ်)၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ငွေမိုးဟိုတယ်မှ ဝန်ထမ်းများ၊ ၈-၁-၂၀၀၄ရက်တွင် ရန်ကုန်မြို့ "ရှမ်းကန်-၁"၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက် ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လှိုင်မိုး - မခင်သီတာအောင်။

သီတဂူဓမ္မပူဇာသဘင် ဖိတ်ကြားလွှာ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၄)ရပ်ကွက်၊ ဘေလီတံတားအနီး လောပိတလမ်း၊ အိမ်အမှတ်(၄၇၀/၄၇၁) ၌ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သပိတ်အိုင်တောရ သဲကုန်းဆရာတော် အရှင်ဒေါက်တာ ဉာဏိဿရ (D-Litt)သည် ၉-၁-၂၀၀၄ (သောကြာ)နေ့ ညတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပါ၍ တရားနာကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဓမ္မပူဇာအလှူရှင်- (ဦးအုန်းဖေ)-ဒေါ်တင်စိန်
မိသားစု
အမှတ်(၄၇၀/၄၇၁)၊ လောပိတလမ်း၊ ၃၄ စံပြရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
(ဖုန်း-၅၈၀၄၃၂)



လှိုက်လှဲဝမ်းမြောက်ဂုဏ်ပြုခြင်း

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့် (သီရိသုဓမ္မသိင်္ဂီ)၊ နာယက ဒေါ်စိန်စိန် (လူမှုထူးချွန်-ပထမအဆင့်)၊ ဒေါ်တင်တင်ဝေ (သီရိသုဓမ္မသိင်္ဂီ)၊ ဒေါ်ဝင်းဝင်းအေး (သီရိ သုဓမ္မသိင်္ဂီ)၊ ဒေါ်ဝင်းဝင်းငွေ (သီဟသုဓမ္မသိင်္ဂီ) တို့အား နိုင်ငံတော်မှ ဘွဲ့တံဆိပ်များ ချီးမြှင့်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံ့အကျိုး လူမှုအကျိုးများ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အသင်းသူများ

"မင်္ဂလာဈေး"မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း။

ဝမ်းမြောက်ဂုဏ်ယူခြင်း

ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်ကွက်နေ 7 Viton & Tiger ဖျော်ရည်လုပ်ငန်းနှင့် တိုက်ဂါး မြန်မာသောက်ရေသန့်လုပ်ငန်းပိုင်ရှင် ဦးမြင့်စိုးအား နိုင်ငံတော်မှ ချီးမြှင့်သည့် သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရရှိခြင်းအတွက် ဝမ်းသာပီတိဂုဏ်ယူမိပါကြောင်း။

ဦးမိုးကျော်-ဒေါ်စန်းစန်းတင်
(မိုးဟိန်းမိသားစု)
ဦးသန်းလွင်-ဒေါ်မြမြအေး
(ညီညီမိသားစု)ဦးခင်မောင်ဦးမိသားစု
(ကရဝိက်လျှပ်စစ်)
ပျော်ဘွယ်မြို့။





ကြော်ငြာစာ
အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃။
ရန်ကုန်တိုင်းတရားရုံးတော်၌
၂၀၀၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၉၀။

(ကွယ်လွန်သူ ဒေါ်ဟဝါဘီဘီ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

မော်လမြိုင်မြို့တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဟဝါဘီဘီ၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်ထက်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အိုက်ရှာဘီဘီက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၃၀ရက် (၁၃၆၅ ခုနှစ် တပို့တွဲ လဆန်း ၉ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဟဝါဘီဘီ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ခု သက်ဝင်သည့်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျှော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် (၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းတို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်အိုက်ရှာဘီဘီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

သိန်းသိန်းညွှန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

အများသိစေရန်

ဦးလှဖေ မ/၁၀၀/ကန္နားလမ်း၊ ဈေးကလေးရပ်၊ ကြည့်မြင်တိုင်မြို့၊ လူကြီးမင်းမှ ၁၄-၁၂-၂၀၀၃အတွင်း အကြောင်းပြန်ကြားခြင်းမရှိသည့်အတွက် ၂၅ပေ X ပေ၈၀၏ ဆိုင်ငှားရမ်းခ ယနေ့မှတစ်နှစ်စာ ကျပ် ၇၂၀၀၀၀ ခုနှစ်ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် လာယူပါရန် ပျက်ကွက်ပါက မိမိတာဝန်သာဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သီရိမြိုင်(ကဖီး)
ဦးဇော်မိုးနိုင်[၁၂/ဒဂတ(နိုင်)၀၁၁၉၀၆]
အမှတ်(၉၈)၊ ကန္နားလမ်း၊ ဈေးကလေးရပ်၊ ကြည့်မြင်တိုင်မြို့နယ်။

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ရန်ကုန်တိုင်း တရားရုံးတော်၌
၂၀၀၁ ခုနှစ်၊ တရားမကြီးမှု အမှတ်- ၇ နှင့် ဆက်သွယ်သည့်
၂၀၀၃ ခုနှစ်၊ တရားမဇာရီမှု အမှတ်-၁၉၀။

မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅) နှင့် ၁။ ဦးခင်စိုး
(၎င်း၏မန်နေဂျာ) ၂။ ဒေါ်ငွေငွေဝင်း

ဒီကရီအနိုင်ရသူ **တရားရှုံး**

အမှတ်-၁၅၊ သုခလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့နေ ဒေါ်ငွေငွေဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် (၇)တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) မန်နေဂျာက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက် (၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးရှေ့သို့ လာရောက်စေ၊ အကယ်၍ သင်မလာရောက် ပျက်ကွက်ခဲ့ပါက သင့်၏ကွယ်ရာတွင် အမှုကို ဥပဒေနှင့်အညီ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၈ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်းညွှန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။



ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မှတ်ပုံတင်အမှတ် MDW 245237 ကတ်ပြား အိမ်ထောင်စုစာရင်း၊ ကားမှတ်ပုံတင်စာအုပ်၊ VPC ကတ်၊ ပရီမီယံစာအုပ်၊ G.P စာရွက်နှင့်၊ အမြတ်ခွန်စာရွက်များမှာ လသာမြို့နယ်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါ။ **အပ်ဒုရာမန်(ခ်) ကိုကျော်မင်း အမှတ် ၂၁-၂၆ လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်။ဖုန်း-၂၅၀၉၄၄၊ ၅၁၃၂၃၁၊ ၀၉-၅၀-၁၈၁၆၀။**

ရောင်းမည်/ လဲမည်

DAEWOO TICO DX
(93 MODEL)
(၂က/၉---)80 MODEL
အထက်ကားများနှင့် အလိုက်ယူ၍ လဲမည်။
(နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း)
အမှတ်(၃/က)ရန်အောင်လမ်း၊
၃-ရန်ပြေရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ညှို့နင်းစားဖို့သို့မဟုတ်
ပွဲချိန် - ဝဇီရာ ၊ စိမ့်ဖြူ ၊ သီတာ ၊ မဟာမြိုင် ၁၀း၀၀ ၊ ၁၂း၀၀ ၊ ၃း၀၀ ၊ ၇း၀၀

NEW MOTION TRAVELS CO., LTD.
Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service
Jan:23 Feb: 12
Jan:22, Feb: 12
Jan:23,30
Jan:30,Feb:6
Ph : 725 759, 537 024

JAN 16 25
EXPRESS
FEB 10,20

မောင့်ရဲ့သစ္စာ
(၉ - ၁ - ၀၄) မှစ၍

(၉-၁- ၂၀၀၄)နေ့မှစ၍ ရန်ကုန်-သမ္မတသျှင်မင်္ဂလာ - မန္တလေး-ဝင်းလိုက်မြို့မ - တောင်ကြီး-ဒဂုံ - မြိတ်-ဂုဏ် အသင့်မြင်နိုင်ကြီးများတွင် တပြိုင်တည်းပြပြီ
ခင်မောင်ဦးစိုးသိမ်းထွန်း
အိပ်မက်နတ်သမီး


၁၀ း ၀၀
၁၂ း ၃၀
၃ း ၃၀
၆ း ၃၀
၉ း ၃၀

နှစ်သစ်ကူးအထူးလျှော့ဈေး ၁၀%မှ ၂၀%ထိ
အရှေ့တိုင်း မျက်မှန်
၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 280458
၁၁၅၊ ပထမထပ်၊ ယုဇနပလာဇာ။

(၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

(ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး)

ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင် (ငြိမ်း)

တုနှိုင်းမမီနိုင်သော အနန္တကျေးဇူးရှင် ဖခင်ကြီးကွယ်လွန်ခဲ့တာ ယနေ့ ၉-၁-၂၀၀၄ နေ့မှာ (၆)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ဖေဖေရဲ့ ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှမေ့မရပါ။ ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေရဲ့ အေးမြလှသော မေတ္တာတရား၊ ကျေးဇူးများကို ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သည့် အလှူဒါနများ၊ ယနေ့ (၆)နှစ်ပြည့်မှာ ဓိဝိတဒါနသံဃာ့ဆေးရုံတွင် ပြုလုပ်သည့် အလှူဒါနကောင်းမှု ကုသိုလ်အစုစုများကို ဖေဖေအား အမျှ အမျှ အမျှ ပေးဝေပါသည်။

မြင့်မြတ်အေးချမ်းသော ဘုံဘဝမှ သာခုခေါ်ပါဖေဖေ –
ချစ်ဇနီးသီရိသုဓမ္မသီဂီဒေါ်ခင်သိန်းနှင့်
ချစ်သားသမီး၊ မြေးများ။

YL ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား)
ယုဇနပလာဇာ
၁၅ ပဲရည်၊ ၁၆ ပဲရည် အာမခံ
ဆိုင်(၁)-အမှတ် (S-7) ပထမထပ်၊ ယုဇနပလာဇာ၊ ဥဿာလမ်း၊ ရန်ကုန်။
ဆိုင်(၂)-အမှတ် (F-1) ပထမထပ်၊ ယုဇနပလာဇာ၊ ဥဿာလမ်း၊ ရန်ကုန်။

ရွှေ လက်စွပ်	စက်ဒီဇိုင်း	လက်ဒီဇိုင်း
ရွှေ နားကွင်း	စက်ဒီဇိုင်း	လက်ဒီဇိုင်း
ရွှေ ဆွဲသီး	စက်ဒီဇိုင်း	လက်ဒီဇိုင်း
ရွှေ လက်ကောက်	စက်ဒီဇိုင်း	လက်ဒီဇိုင်း
ရွှေ ဆွဲကြိုး	စက်ဒီဇိုင်း	လက်ဒီဇိုင်း
ရွှေ ဟန်းချိန်း	စက်ဒီဇိုင်း	လက်ဒီဇိုင်း
ရွှေ ဘယက်	(ဒီဇိုင်းအမျိုးမျိုး)	
ရွှေ ကလစ်	(ဆိုဒ်အမျိုးမျိုး)	
ရွှေ Foot Chain	(လူကြီး၊ကလေး)	စိန်ထည်အမျိုးမျိုး
ရွှေ ရုပ်ကြွယ်သီး		
ရွှေ အပ်		

Foot Chain
ရိုလုံရွှေဆိုင်ကြီး

ကျီးစိန်စွပ်ကျယ်စက် အစုရှယ်ယာရှင်များသိစေရန်

ကျီးစိန်စွပ်ကျယ်စက် အစုရှယ်ယာဝင်များသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ဦးကျော်ထံ ဆက်သွယ်ကြပါရန် ကြေညာအပ်ပါသည်။

ဦးကျော်
ကျီးစိန်စွပ်ကျယ်စက် အစုရှယ်ယာဝင်တစ်ဦး
အမှတ်(၅)၊ ကွမ်းခြံမြောက်ပိုင်း(၇)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

မကြာမီဖွင့်လှစ်တော့မည့် Sein Gay Har Super Center အတွက်

(1) Human Resource Manager	**(Senior)**	**(1) Post**
	(Junior)	**(2) Post**
(2) Operation Manager	**(Senior)**	**(1) Post**
	(junor)	**(1) Post**

အလုပ်လျှောက်ထားလိုသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်းနှင့် အခြားတင်ပြလိုသော ထောက်ခံချက်များ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ (၁)လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံတို့ကိုပူးတွဲပြီး ကြော်ငြာပါသည့်နေ့မှ (၂) ပတ်အတွင်း အမှတ်(၄၄)၊ ပြည်လမ်းမကြီး၊ ဒဂုံမြို့နယ်(ယခင်စိန်ဂျမ်းဈေးဟောင်းအနီးသို့) လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။ အသက် (၃၀)နှစ်နှင့် (၄၅)နှစ်အတွင်း ဖြစ်ရမည်။
(ပြည်တွင်း၊ ပြည်ပလုပ်ငန်းအတွေ့အကြုံရှိသူများ အထူးစဉ်းစားပေးပါမည်။)

အများသိစေရန်ကြေညာချက်

ကျွန်တော်၏ဇနီးဖြစ်သူ ကျန်ကျွင်ကျွင်(ခ)မပြုံး(ခ)မယမင်း [၉/မမန(နိုင်)၀၀၃၁၃၉]သည် ကျွန်တော်နှင့်(၃)နှစ်ခွဲနှင့်(၁)နှစ်(၄)လ လူမမည်သားနှစ်ဦးအား အကြောင်းမဲ့စွန့်ပစ်ကာ ၎င်း၏သဘောအလျောက် ပစ္စည်းများအားလုံးယူဆောင်ပြီးနေအိမ်မှ ၂၀-၇-၂၀၀၃မှစ၍ ဆင်းသွားခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

သို့အတွက် ကျန်ကျွင်ကျွင်(ခ)မပြုံး(ခ)မယမင်းအား ဇနီးအဖြစ်အသိအမှတ်မပြုနိုင်တော့ပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝမှန်သမျှကိုလည်း တာဝန်မယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

ကိုလှိုင်ဝင်းကျွင်(ခ)အေဒရီယန်လျောင်း
အမှတ်(L-7)၊ ပဒေသာပင်လမ်းမကြီး၊ FMI City (ပဒေသာပင်မြို့တော်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ပုလေး(၇၇)နှစ်

ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဝင်းမြိုင်(သဃ်န်းကျွန်းစံပြဆေးရုံကြီး)၏မိခင် ဒေါ်ပုလေး(၇၇)နှစ်သည် ၁၁-၁၂-၂၀၀၃ ရက်နေ့တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

ခွဲစိတ်ကုပညာအဖွဲ့ငယ်
မြန်မာနိုင်ငံဆရာဝန်အသင်း
ရန်ကုန်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မ/ဒဂုံ ၃၄ ရပ်ကွက်
-R.C-၂ထပ်၊ (ရေ+မီး)စုံ
- RC - ၁½ထပ် (ရေ+မီး)စုံ
- RC ၁ ထပ် (Hall Type)

ဖုန်း-၅၈၄၆၁၅။

တိုက်ခန်းရောင်းမည်

၁။ တောင်ဥက္ကလာပ၊ ဇီဇဝါကွန်ဒို၊ 1250 Sqt၊ MBR၊ 2BR၊ သံပန်း၊ ကြွေပြားပြင်ဆင်ပြီး ၄ လွှာ။
၂။ သဃ်န်းကျွန်း၊ သုမင်္ဂလာအိမ်ရာ၊ RT၊ 25'x35'၊ ကိုယ်ပိုင်ရေ၊ မီး၊ မြေညီထပ်။

ဆက်သွယ်ရန် ဖုန်း-512065.

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မလှလှမိုး (PKU-၀၄၃၇၄၉)နှင့် ၎င်း၏မိသားစုများသည် မိဘတို့၏ ဆုံးမသည်ကို နားမထောင်သည့်အပြင် အမိအဖတို့၏ ဂုဏ်သိက္ခာကို ထိခိုက်အောင် လုပ်ကိုင် ပြောဆိုပါသဖြင့် ၎င်း၏မိသားစုနှင့်တကွ သမီးအဖြစ်မှ လုံးဝစွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

မိဘများ-ဦးထွန်းကြည်
အမှတ်-၄၄၈(ခ)၊
ရွှေပြည်သာလမ်း၊ (၆)အနောက်၊
သာကေတမြို့။

ပေါင်းလောင်းအသင်း(ရန်ကုန်)

ဦးသက်ပြုံး (၇၆)နှစ်

ဝိုင်းဝိုင်းအောင်
ကားပစ္စည်းဆိုင်(တောင်ဒဂုံ)

ရန်ကုန်တိုင်း၊ အမှတ်(၁၁၇)၊ ၁၉(က) ရပ်ကွက်၊ လှော်ကားလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ (ဒေါ်ချစ်လွမ်)၏ ခင်ပွန်း အသင်းဝင် ဦးသက်ပြုံးသည် ၅-၁-၂၀၀၄ရက်က ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ရက် နံနက်၁၀နာရီတွင် ရန်ကုန် ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ရဟန်းဒါယကာကြီး

ဦးတက်စိုး (၆၅)နှစ်

(တိုက်ကြီး)

တိုက်ကြီးမြို့၊ရှမ်းစုရပ်ကွက်၊ လယ်တီ(၂)လမ်းနေ(ဆရာကြီးဦးဘထွန်း-ဒေါ်တင်ရွှေ)၊ တိုက်ကြီးမြို့နေ (ဦးညွန့်မောင်-ဒေါ်သန်းရှင်)တို့၏သား၊ဒေါ်ကျင်ဝင်း၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးညွန့်မောင်-ဒေါ်မြမြဇင်၊ (ဦးစိုးသန်း-ဒေါ်လှမြင့်)၊ (ဦးလှသိန်း)-ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ရီ၊ ဦးသန်းမြင့်-ဒေါ်တင်တင်အေး၊ တိုက်ကြီးမြို့၊ အောင်မင်္ဂလာ(၁) လမ်းနေ ဦးမြင့်အောင်-ဒေါ်သန်းသန်း၊ ရွှေပြည်သာမြို့နေ ဦးတင်ယုံ-ဒေါ်ခင်မြတ်သူ၊ ဒေါက်တာစိုးကြည်-ဒေါ်ကျင်ရွှေ၊ တိုက်ကြီးမြို့နေ ဦးကြိုင်စိုး-ဒေါ်စန်းရင်၊ မသီသီမြင့်(လှိုင်အမက)တို့၏ အစ်ကိုကြီး၊ အင်းစိန်မြို့နေ ဦးမိုးကျော်ဦး-ဒေါ်စန်းစန်းစိုး၊ တိုက်ကြီးမြို့နေ ကိုသိန်းမင်း-မသွင်သွင်စိုး၊ တိုက်ကြီးမြို့ ရဲစခန်း ရဲတပ်ကြပ်သက်ဆွေ - မအိအိခိုင်၊ အင်းစိန်မြို့နေ ကိုစိုးသန်း-မအိအိမျိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည်၂၆-၁၂-၂၀၀၃ ရက်တွင် တိုက်ကြီးမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက်တွင် တိုက်ကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမင်း (၇၂)နှစ်

(အုန်းနဲ)

ပဲခူးတိုင်း၊ကဝမြို့နယ်၊အုန်းနဲရွာနေ (ဦးကျော်-ဒေါ်အေးကျင်-ဒေါ်ရှင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၈၃၇)နေ ဒေါက်တာခင်ဝင်းသက်(ကျန်းမာရေးဦးစီးဌာန)၏ ချစ်လှစွာသောမိခင်၊ မောင်အေးမောင်မောင်သက်(ဒဂုံတက္ကသိုလ်)၏ အဘွား၊ (ဦးစိုးတင်)-ဒေါ်အုန်း၊ (ဦးဘဗွေး)-ဒေါ်အေး၊ ဦးစံကြည်-ဒေါ်ခင်စိန်တို့၏ ညီမ၊ (ဦးစံရီ)-ဒေါ်စောသီ၊ ဦးသိန်းကို(ကုန်သွယ်/လယ်ယာ၊ငြိမ်း)တို့၏ အစ်မသည် ၅-၁-၂၀၀၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့ညနေတွင်ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၂)သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

တပ်သားရာထောင်း

အသက်(၃၅)နှစ်

ကလေးမြို့၊အောင်သစ္စာရပ်ကွက်၊ နယ်မြေ(၁၂)၊ အမှတ်(၉၀)နေ (ဦးချန်ပိန်းလ/ထမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)-ဒေါ်ဒါရ်ကြွယ်တို့၏ သားကြီး၊ ကျုံကျင်းထန်(2[nd] Chem)၊ မာန်ထောင်နှင်း(Lucky) (Home Economic)၊ ဗန်ကျုံးနှင်(2[nd] Myanmar) တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ မောင်ရာထောင်းသည် ပဲခူးမြို့၌ ၅-၁-၂၀၀၄ (တနင်္လာနေ့)တွင် သင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျေးဇူးတင်ရှိခြင်း

၃-၁-၂၀၀၄ရက်တွင်ကွယ်လွန်သွားခဲ့သောတပ်သားရာထောင်း၏ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ပဲခူးမြို့မှ သင်းအုပ်ဆရာနှင့် အသင်းသူ၊ အသင်းသားများ၊ ကွယ်လွန်သူ၏ ရဲဘော်ရဲဘက်သူငယ်ချင်းများ၊ အဘက်ဘက်မှ ကူညီခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးကျော်မြင့်(ခ)ဦးမိုဟာမက်

အသက်(၉၅)နှစ်

(ပုတီးကုန်း/ပြည်)

ရန်ကုန်မြို့၊ အမှတ်(၁၈၃)၊ ဗိုလ်တထောင်ဘုရားလမ်းနေ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ပုတီးကုန်းမြို့နေ ဒေါ်တင်ညွန့်၊ (ဒေါ်သန်းတင်)၊ (ဦးတင်လှ)-ဒေါ်တင်ရီ(မြန်အောင်)တို့၏ အစ်ကို၊ ဗိုလ်ကြီး အေးကို(ငြိမ်း)၊ ဒေါ်မြသန်း(တိုင်းရင်းဆေး)၊ (ဗိုလ်ကြီး မြင့်သိန်း)-ဒေါ်တင်တင်နွယ်(ရန်ကုန်တက္ကသိုလ်၊ ငြိမ်း)၊ဒေါက်တာကံမြင့်-ဒေါက်တာခင်မေသန်း၊ ဒေါ်ညွန့်ညွန့်တင်၊ ဒေါ်ခင်သန်းရီ-Ibrahim Derick Dorrel၊ ဦးလှဝင်း၊ ဒေါ်ခင်အေးကြူ-Yusoj Alan Cook၊ ဒေါ်တင်တင်ဝင်း-ဦးဇေယျာညွန့်၊ ဒေါ်ချိုချိုဝင်း-ဦးမာမက်တို့၏ဖခင်၊ မြေး ၂၆ယောက်၊ မြစ် ၁၄ယောက်တို့နှင့် ဒေါ်ချိုချိုအေးကို (ဆသရ၊ ကွန်ပျူတာ)တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၆-၁၂-၂၀၀၃ ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ယင်းနေ့ညနေ အဆွလ်နမာဇ်အပြီးတွင် ရေဝေးစွန္နီကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမြေးများ။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဂျမ္မာဘီ(ခ)

ဒေါ်ခင်မြတ်သွယ်

အသက်(၄၀)

ရွှေပြည်သာမြို့၊ ဝန်ထမ်းကြီးရပ်ကွက်၊ အမှတ်(၃၁-၁၄၆)နေ ဟာဂျီဦးရန်မောင် ဒုတိယဗိုလ်မှူးကြီး(ငြိမ်း၊ လုပ်ငန်းဦးစီးနာယက၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်) - ဟာဂျီမဒေါ်သန်းရီတို့၏သမီးထွေး ဒေါ်ခင်မြတ်သွယ်သည် ၃-၁-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၄-၁-၂၀၀၄ရက် အစွရ်နမာဇ်အပြီး ရေဝေးစွန်နီကာဘာရ် စတန်၌ ဒါဖနာပြီးပါကြောင်း။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်။

သားဖွားဆေးခန်းများအလှူရှင်၊
ကျောင်းဒါယကာကြီး

ဦးထွန်းအေး (၈၄)နှစ်

မော်ကွန်းဝင်တတိယဆင့်
(မန္တလေး)

မန္တလေးမြို့၊ ဟင်္သာတပြဒါးဝင်းရပ်နေ (ဦးကြား-ဒေါ်သီ)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၄၃)နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ မကေဇင်ယု၊ မဇင်မာသက်ထွန်း၊ မောင်ဟိန်းသူအောင်၊ မောင်ဖွဲ့မာန်ဦး၊ မောင်အောင်ခိုင်စိုး၊ မောင်လှိုင်ပြည့်အောင်၊ မောင်လင်းမြတ်စိုး၊ မဖြူနှင်းခိုင်၊ မပိုးကေခိုင်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၅-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမြေးများ။

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)

တေးသံရှင်တက္ကသိုလ်

ဟန်မြတ်မော်

အသက်(၅၆)နှစ်

အသင်းဝင်ဦးဟန်မြတ်မော်သည် ၅-၁-၂၀၀၄ရက် နံနက်၄နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

အယ်ဇေးရှင်းရောင်းမည်

Australian Imported (Zellburd Black Ace) နှင့် Australian Imported Champion(Lord)မျိုးဆက်မှ ပေါက်သော ကာကွယ်ဆေးထိုးပြီး သားပေါက်ခဲခဲလေးများ ရောင်းမည်။

၁၈၊ ရန်မြေ(၉)လမ်း၊ (၃)ရပ်ကွက်၊ သာကေတ။

ဦးတင်သိန်း (၈၂)နှစ်

တောအုပ်အငြိမ်းစား (သစ်တော)

ရေတာရှည်မြို့

ရေတာရှည်မြို့နေ(ဦးမောင်ငယ်-ဒေါ်စိမ်မြ)တို့၏သား၊ (ဦးမောင်ကို)-ဒေါ်ချစ်တို့၏ညီ၊ ဦးမောင်မောင်ကြည်-ဒေါ်လှမြင့်တို့၏ အစ်ကို၊ဒေါ်တင်မြ၏ ခင်ပွန်း၊ဦးအောင်ဌေးဦး(ဦးစီးမှူး၊ငါးလုပ်ငန်း)-ဒေါ်မူမူ၊ဦးအောင်ဌေးလင်း-ဒေါ်ခင်နု၊ ဦးအောင်ဌေးဝင်း-ဒေါ်မြင့်မြင့်ဦး၊ ဦးစိုးနိုင်-ဒေါ်ခင်ဌေးဝင်း(မြို့နယ်တရားသူကြီး ဒေးဒရဲ)၊ဦးအောင်ဌေးမင်း(အကောက်ခွန်မှူး)-ဒေါ်စိမ်းလဲ့ထွန်းတို့၏ ဖခင်၊ မြေး ၁၂ယောက်တို့၏ အဘိုး ဦးတင်သိန်းသည် ၇-၁-၂၀၀၄ရက် ၁၁:၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့်၉-၁-၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (F-5စိမ်းလဲ့ရိပ်သာတက္ကသိုလ်ရိပ်သာလမ်းသစ် နေအိမ်မှ ကားများညနေ ၃:၃၀နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှဝင်း (၆၆)နှစ်

မန်နေဂျာ(ငြိမ်း)ကုန်သွယ်/လယ်ယာ

(လက်ပံတန်း)

လက်ပံတန်းမြို့နယ်၊ကညင်တကိုင်းကျေးရွာနေ(ဦးဖျံဝါး-ဒေါ်ချစ်) တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးထွန်းညွန့်-ဒေါ်ရီရီစိန်) တို့၏သားသမက်၊ လက်ပံတန်းမြို့နယ်၊ ကညင်တကိုင်းကျေးရွာနေ ဦးဘိုးလှော်-ဒေါ်စိန်သန်း၊ ဦးပု(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်ငြိမ်းမြင့်၊ ဒေါ်ခင်ရီတို့၏ ညီ/မောင်၊ ဦးလှမင်း-ဒေါ်တင်အုံတို့၏ အစ်ကို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊မန္တလေးလမ်း၊အမှတ်(၅၃)(၆-က)နေ ဒေါ်ခင်ညွန့်သိန်း၏ ခင်ပွန်း၊ ဒေါက်တာကံဌေး(ဒု-ဦးစီးမှူး၊တိ/ကုဦးစီးဌာန၊လက်ပံတန်း)-ဒေါ်စိုးစိုးဝင်း (အထက-၂၊လက်ပံတန်း)၊ ဗိုလ်မှူးနိုင်ဝင်း(ငြိမ်း)(ဒု-ညွှန်မှူး၊စည်ပင် သာယာရေး ဦးစီးဌာန)-ဒေါ်ဥမ္မာဝင်း၊ Captain ကောင်းစံ (Monsoon Maritime Services Pte.,Ltd)-ဒေါ်မေခိုင်ဝင်း(လ/ထညွှန်မှူး၊ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)၊ ဒေါ်မိုးမိုးဝင်း (မြန်မာ့စီးပွားရေးဘဏ်ခွဲ-၅)၊ ဗိုလ်ကြီးမျိုးဝင်း(တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်တင်တင်နွဲ့၊ ဦးကြည်မြင့် (လ/ထမန်နေဂျာ၊မြေအသုံးချရေးဌာန၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း)-ဒေါ်ခင်ပပဝင်း (လ/ထကြီးကြပ်ရေးမှူး - မျိုးစေ့ဌာနခွဲ၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဦးကျော်စွာဝင်း (Victoria Shipping Co.,Ltd)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခြောက်ယောက်၏ ဘိုးဘိုးသည် ၇-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက်၃:၃၀နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၉-၁-၂၀၀၄(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း၊ မွေးရုံဒါယကာကြီး

ဦးစိန်သောင်း (၅၇)နှစ်

(ရေစကြို)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်၊ (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်(၁၈၂)နေ (ဦးဘအေး-ဒေါ်အေး)တို့၏သား၊ မုဒုံမြို့နေ (ဦးကွန်ပါ-ဒေါ်နှင်းပွင့်)တို့၏ သားသမက်၊ (ဦးရွှေ-ဒေါ်အုံးကြည်)၊ (ဦးကျော်သန်း)၊ ဒေါ်ကြည်၊ ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ခတ္တာလမ်း၊ အမှတ်(၁၃၄)နေ ဒေါ်စန်းမြ၊ ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ကံကော်လမ်းမကြီး၊ (၉/၄၁-A)နေ ဦးငြိမ်း[(နာယက) မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် (UMFCCI)]-ဒေါ်အုံးကြင်(အိုကေ၊ ဆန်နှင့်အထွေထွေ ရောင်းဝယ်ရေး)တို့၏ ညီ/မောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေဦးစိုးတင့်-ဒေါ်ခင်သိန်းတို့၏ အစ်ကို၊ ဒေါ်သင်းအုံး၏ ခင်ပွန်း၊ တူ၊ တူမ ၁၈ယောက်တို့၏ ဦးလေး၊ မြေး ၂၇ယောက်တို့၏အဘိုးသည် အမှတ်(၁၃၄)၊ ခတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံနယ်မြေ နေအိမ်၌ ၈-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၀၄ရက် ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဒဂုံမြို့သစ်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ဘုရင့်နောင်နေအိမ်မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘိုနီ (၆၆)နှစ်

(B.A)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

ဌာနခွဲစာရေး(ငြိမ်း)၊ (အိမ်မဲ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ်(၃)၊ (၃)လမ်းနေ (ဦးမောင်ကြီး-ဒေါ်ကုလားမ)တို့၏ သား၊ (ဦးလှထွန်း)၊ (ဦးလှဂွမ်း)၊ (ဒေါ်ခင်မြင့်)၊ (ဒေါ်ခင်နွဲ့)၊ ဒေါ်ခင်သွဲ့၊ ဒေါ်ခင်သိန်း၊ ဒေါ်လှငြိမ်းတို့၏ ညီ/မောင်၊ ဒေါ်ဝင်းသန်း (အထက-၄၊ သာကေတ)၊ ဒေါ်နုနုဝင်း (ရေနံသယ်ပို့ဌာန)-ဦးမောင်မောင်မြင့်၊ ဒေါ်သန်းသန်းတင့်-ဦးစိုးနိုင်၊ ဦးအောင်ကိုနှင့်တူ၊တူမများ၏ဦးလေး၊ မောင်ဝေလင်း ထွန်း(တ-နှစ်၊ တပ်မတော်ဆေးတက္ကသိုလ်)၊ မအိဆွေမြင့်(ပ-နှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မောင်ပိုင်မင်းခန့် [ပဥ္စမတန်း(ဂ)၊ အလက-၁၊ တာမွေ]၏ အဘိုးလေးသည် ၇-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၁-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ရီ (၆၁)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ခလွန်ကျေးရွာနေ (ဦးချစ်ရွှေ-ဒေါ်လှရွှေ)တို့၏ မြေး၊(ဦးမောင်လှ-ဒေါ်မြ)-ဒေါ်သင်း လှတို့၏ သမီး၊ (ဦးလင်း-ဒေါ်လှတင်) တို့၏ သမီးချွေးမ၊ ဦးမြသောင်း-ဒေါ်အေးရီ၊ ဦးသန်းအေး-ဒေါ်သန်းကြွယ်၊ ဦးမြင့်အေး-ဒေါ်မိမိ၊ ဦးအောင်ကြည်-ဒေါ်ခင်ဝင်း၊ ဦးတင်အေး၊ ကိုနှစ်ဝေ-မလှနွဲ့၊ ဦးသောင်းရွှေ-ဒေါ်အေးတို့၏အစ်မကြီး၊ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ဈေးလမ်း၊ အမှတ်(၂၇)နေ ဦးကျော်(စိန်ကပ်ကျေး အပ်ချုပ်ဆိုင်)၏ ဇနီး၊ ကိုသိန်းနိုင်-မတင်တင်ကြည်၊ ကိုစိုးအောင်-မခင်မာလာ(ခ) မချိုမာ၊ ကိုဝင်းနိုင်-မမိုးမိုးမြင့်၊ ကိုကျော်ကျော်မိုးတို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၆-၁-၂၀၀၄ (အင်္ဂါနေ့) ည၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၀၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)

ဦးကျင်ဟင်း (၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၉)၊ ပထပ်၊ (၁၆)လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်စောယု၏ ခင်ပွန်း၊ သားသမီး ခုနစ်ယောက်တို့၏ဖခင်၊ မြေး ၁၅ယောက်တို့၏ အဘိုး၊ ရာသက်ပန်အသင်းဝင် ဦးကျင်ဟင်းသည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ကိုချစ်ထွေး(ခ)ဗန်ဒို

CDC-23314

Final Year (Phys;)

အသက်(၃၇)နှစ်

(၄၉)လမ်း

ရန်ကုန်မြို့၊ (၄၉)လမ်းအလယ်၊ အမှတ်(၁၂၄)၊ အခန်း(၅)၊ ပထမထပ်၊ ပုဇွန်တောင်မြို့နယ်နေ [ဦးဂန္ဓီအနားမလဲ(ခ)ဦးတင်ဖေ]-ဒေါ်ညို(ခ)ဒေါ်တင်မေတို့၏ သားငယ်၊ ပျော်ဘွယ်မြို့နေ ဦးတင်မောင်-ဒေါ်ညွန့်ညွန့်ရင်(ပါရမီကဖီး)တို့၏သားသမက်၊ ဦးကိုမြင့်(စက်မှုဆေးဝါး၊ငြိမ်း)-ဒေါ်ခင်မျိုးအေး(ကမ်းနားဟိုတယ်၊ ငြိမ်း)၊ ဦးတင်လှ(ရသုံးဦးစီးဝန်ကြီးများရုံး၊ ငြိမ်း)-ဒေါ်တင်တင်လှ (စာရင်းရုံး၊ပုဇွန်တောင်၊ ငြိမ်း)၊ (ဦးစိုးနိုင်၊ စ-စ-စ)-ဒေါ်အယ်နီသန်း၊ ဦးကြီးမြင့် (ကျော်ကြား)၊ (ဦးထွန်းဝေ၊ သ/မ ပုဇွန်တောင်၊ ငြိမ်း)-ဒေါ်မြမြဝင်း၊ ဦးချိုနီစန်း(ခရီတောရေနံ)-ဒေါ်မြင့်မြင့်သန်း၊ ကိုသက်နိုင်(သီရိစန္ဒီ)၊ (ကိုကျော်ကျော်စိုး၊ အကောက်ခွန်)တို့၏ညီ/မောင်၊ မသီတာခိုင်[B.Sc(Maths;)]၏ ခင်ပွန်း၊ မသင်းနန္ဒီဇော်(ခ)မချောချော(အမက-၈၊ ပုဇွန်တောင်)၊ မဒွေးရတီအေး(ခ)မတွယ်တာတို့၏ မွေးသဖခင်၊ တူ၊ တူမ ၁၇ယောက်၊ မြေးနှစ်ယောက်တို့၏ဦးလေး/ဘကြီးသည် ၇-၁-၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၉-၁-၂၀၀၄(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၄၉လမ်းနေအိမ်မှကား မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးအေးသိန်း(ငြိမ်း)

အသက်(၇၄)နှစ်

B.Sc, M.S.Ed., M.Sc

စာပေညွှန်ကြားရေးမှူး(စစ်တက္ကသိုလ်)ငြိမ်း

သံအမတ်ကြီး(ငြိမ်း)၊ ကျွမ်းကျင်သူအကြံပေးအရာရှိ (MEC)

(ဥက္ကံ)

ရန်ကုန်တိုင်း၊ ဥက္ကံမြို့နေ (ဦးထွန်းအောင်-ဒေါ်စောတင်)တို့၏သား၊ ရန်ကုန်မြို့နေ(ဒေါ်ခင်စောနွဲ့)၊ ဒေါ်မြစန္ဒာ၊ဒေါ်နန်းခင်ဆွေငြိမ်း၏ခင်ပွန်း၊ (ဦးမြင့်စိုးသိန်း)၊ ဒေါ်အေးနွဲ့သိန်း-ဗိုလ်မှူးခင်မောင်မြင့်(လေ/ငြိမ်း) ဒေါ်သင်းနွဲ့သိန်း၊ (ဦးအောင်ဇင်သိန်း)-ဒေါ်အေးအေးသန်း၊ ဒေါ်စိုးနွဲ့သိန်း၊ ဦးဇော်လွင်သိန်း (Lizstar Group)-ဒေါ်မေသက်ခိုင်(TTC/လှိုင်)၊ မသက်စန္ဒာသိန်း (Myanmar Indobest Co., Ltd.)၊ မစုစန္ဒာသိန်း-ကိုမျိုးတင်ရှိန်၊မငုစန္ဒာသိန်း BE (Elec.)၊ မသန္တာအေးသိန်း(IIC,TTC)တို့၏ဖခင်၊ မြေး၁၂ယောက်တို့၏အဘိုး အမှတ်(၁၅)၊ ဒုထပ်၊ ခမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးအေးသိန်း(ငြိမ်း)သည် ၈-၁-၂၀၀၄ရက်နံနက်၀၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၀၄ရက်ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၁:၃၀နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးတင်လှ(ငြိမ်း)

အသက်(၆၅)နှစ်

ဗိုလ်သင်တန်းအပတ်စဉ်(၃၁)

ကြို့ပင်ကောက်မြို့နေ (ဦးအောင်ညွန့်-ဒေါ်သိန်းခင်)တို့၏သား၊ ထန်းတပင်မြို့နေ(ဦးဟိန်-ဒေါ်လှိုင်)တို့၏ သားသမက်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၉/၂၇၄)၊ မင်းလမ်း၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်တင်မိမိလှိုင်၏ ချစ်လှစွာသော ကျေးဇူးရှင်ခင်ပွန်း၊ ဗိုလ်ကြီးတင်မိုးလှိုင်၊ ဒုတိယဗိုလ်မှူးကြီးသန်းကျော်ထူး-ဒေါ်သက်ထားတင်၊ ကိုတင်မိုးကျော်၊ ဗိုလ်ကြီးတင်ဇော်နိုင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မောင်ဉာဏ်ထူးသက်၏အဘိုးဒုတိယဗိုလ်မှူးကြီး တင်လှ(ငြိမ်း) သည် ၇-၁-၂၀၀၄ရက် ညနေ၅နာရီတွင်ကွယ်လွန်ပါ၍ ၉-၁-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၀၄(အင်္ဂါနေ့)နံနက်၇နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးတင်လှ (ငြိမ်း)

ဗိုလ်သင်တန်းအပတ်စဉ် (၃၁)

အသက် (၆၅)နှစ်

ကြို့ပင်ကောက်မြို့နေ(ဦးအောင်ညွန့်-ဒေါ်သိန်းခင်)တို့၏သား၊ဗိုလ်မှူးသန်းရွှေ(ငြိမ်း)-ဒေါ်တင်စန်းရီတို့၏ညီ၊ ဗိုလ်ကြီးလှရွှေ(ငြိမ်း)-ဒေါ်ယဉ်နွဲ့၊ ဦးမြင့်ဆွေ-ဒေါ်ယဉ်နု၊ ဒေါက်တာရဲညွန့်-ဒေါ်စိန်စန်း၊ ဦးအေးသိန်း(ဌာနခွဲမှူး၊ ပညာရေးဝန်ကြီးဌာန)-ဒေါ်ကျော့ကျော့၊ ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်ကို ဒုတိယဗိုလ်မှူးကြီးတင်လှ (ငြိမ်း)သည် ၇-၁-၂၀၀၄ရက် ညနေ ၅နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးအေးမြင့်

B.E(Metallurgy)

အသက်(၅၁)နှစ်

ဗိုလ်သင်တန်းအပတ်စဉ်(၅၈)

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နေ ဦးသိန်းကျော်-ဒေါ်တင်မေတို့၏သား၊ မွန်ပြည်နယ်၊ မုဒုံမြို့နေ ဒေါ်ဘေဘီကြည်၏ချစ်လှစွာသော ခင်ပွန်း၊ မချောအိပိုင်၊ မရည်မွန်ပိုင်တို့၏ ချစ်လှစွာသောမွေးသဖခင် ဒုတိယဗိုလ်မှူးကြီးအေးမြင့်သည် ၈-၁-၂၀၀၄ရက် နံနက်၉:၄၅နာရီတွင် မော်လမြိုင်မြို့၌ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် မော်လမြိုင်မြို့ ဝွေးကုန်းစစ်သချိုင်းသို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ဥမ္မာ (၈၄)နှစ်

မန္တလေးတိုင်း၊ မြင်းခြံမြို့နေ (ဦးဘသောင်း-ဒေါ်ရွှေတင့်)တို့၏ သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဥဇ္ဇနာ(၄)လမ်း၊ အမှတ်(၁၂၁)နေ ဦးသောင်းစိန်၏ ဇနီး၊ ဦးထွန်းရွှေ-ဒေါ်မြင့်မြင့်ကြည်၊ ဦးသန်းဝင်း-ဒေါ်တင်တင်ဌေး၊ ဦးခင်မောင်ညို-ဒေါ်စန်းစန်းမြင့်၊ ဦးသန်းအောင်-ဒေါ်စန်းစန်းနွယ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုအောင်အောင်လွင် - မယဉ်ယဉ်ထွန်း၊ မောင်ဗိုလ်ဗိုလ်သိန်း - မစန္ဒာမြင့်ဆွေ၊ မောင်သန့်ဇော်၊ မယဉ်ယဉ်သူ၊ မခင်ခင်သူတို့၏ အဘွားသည် ၈-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ဝေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုံးရင်(ခ)အုံးအုံး

အသက်(၇၇)နှစ်

(ဖြူး)

ဖြူးမြို့နေ (ဦးအောင်-ဒေါ်စိမ်းမေ)တို့၏ သမီး၊ (ဦးလှကြည်)-ဒေါ်အုန်းညွန့်၊ ဦးအုန်းမောင်(နတ်မောက်စက်မှုလက်မှုကျောင်းသားဟောင်း)-ဒေါ်လှမြင့်(အထက-၃၊တောင်ညွန့်၊ငြိမ်း)၊ ဒေါ်စန်းရီ၊ (ဦးစိုးတင့်)-ဒေါ်လှရီတို့၏ အဒေါ်၊ မသင်းလှမျိုး၊ မအေးသန္တာမျိုး၊ မောင်ကျော်စွာမျိုး၊ မနွယ်နွယ်အုန်းမောင်၊ မောင်အောင်သူရ၊ မောင်သန်းထိုက်အောင်၊ မောင်မျိုးထွန်း၊ မောင်စိုးထွန်း၊ မောင်ကျော်စွာထွန်းတို့၏အဘွားသည် အမှတ်၁၈၊ဦးဖိုးကျားလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ၇-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ (နေအိမ်မှကားများ မွန်းလွဲ၁:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းအမကြီး

ဒေါ်ဝမ်ကြည် (၈၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၃၃)၊ လိပ်ကန်လမ်းနေ (ဦးကျင်ရှန်-ဒေါ်စောညွန့်)တို့၏သမီး၊ ဦးဟန်စိန်(နဂါးနီဆန်စက်)၏ ဇနီး၊ (ဦးစောသိန်း)-ဒေါ်စီစီစိန်၊ ဦးကြူလွင်-ဒေါ်ရီရီ၊ ဦးမောင်မောင်-ဒေါ်ခင်စုစု၊ ဒေါ်နီနီစိန်၊ ဦးအေးမြင့်-ဒေါ်တီတီစိန်၊ ဦးညီလွင်-ဒေါ်မြင့်မြင့်အေး၊ ဦးမြင့်အောင်၊ ဦးသိန်းဇော်-ဒေါ်မိုးသက်ခိုင်ဝင်းတို့၏မွေးသမိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားသည် ၇-၁-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၉-၁-၂၀၀၄ရက် ညနေ ၄:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ

ကိုအောင်ရန်လင်း(၃၂)နှစ်

A & Pကုမ္ပဏီလီမိတက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ (၁၈/B)နေ ဦးစိန်တင်-ဒေါ်သန်းသန်းအေးတို့၏ သား၊ တာမွေမြို့နယ်၊ ဦးဝင်းစိန်-ဒေါ်ကျင်နုတို့၏ သားသမက်၊ မခင်စန်းအေး-ကိုချမ်းအေးတို့၏ မောင်၊ မောင်အောင်ရန်ရှင်း၊ မသင်းသင်းကြည်တို့၏ အစ်ကို၊ မခင်ဆုဇင်သန့်၏ မွေးသဖခင်၊ မခင်မျိုးခိုင်၏ ခင်ပွန်းသည် ၇-၁-၂၀၀၄ရက် မွန်းလွဲ ၁:၃၀နာရီတွင် U.H.Cဆေးခန်း ၌ ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မြိတ်အသင်း

ဒေါ်ကြူ (၈၃)နှစ်

အမှတ်(၂)၊ ဇီဇဝါလမ်း၊ အိမ်ကြီးလမ်းထောင့်၊ ပုဇွန်တောင်နေ ဦးရှုဝမ်း-ဒေါ်နီသင်းတို့၏သမီး၊ ဦးဘွန်ကြည်၏ ဇနီး၊ ဒေါက်တာမေမေယု၏မိခင်သည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၁-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဒေါ်စိန်မြ(ခ)ဒေါ်စိန်မြဦး

အသက်(၇၃)နှစ်

မြင်းခြံ

ရန်ကုန်မြို့၊၂၁(ဂို)၊မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေ ဦးထွန်းတင်-ဒေါ်ဒေါ်ရင်တို့၏ သမီးထွေး၊ ဦးဘရင်-ဒေါ်ခင်လေးကြီးတို့၏ သမီးချွေးမ၊ (ဦးခင်မောင်ဦး၊ ရုံးအဖွဲ့မှူး၊ ဆည်မြောင်း)၏ဇနီး၊ (ဦးဘကြည်-ဒေါ်မြကြည်)၊ ဦးထွန်းခင်-ဒေါ်သိန်းထွေး၊ (ဦးတိုးကြွယ်)၊ (ဦးတိုက်စံ)တို့၏ ညီမ၊ဦးစိုးသန်း-ဒေါ်စန်းရီ၊ဦးထွန်းကြိုင်-ဒေါ်သီတာကြည် (ပုပ္ပားဆေးတိုက်)၊ ဦးသန်းဝင်း(လက်ထောက်အင်ဂျင်နီယာချုပ်၊ ပဲခူးတိုင်းလျှပ်စစ်အင်ဂျင်နီယာ)-ဒေါ်သီဂီကြည်၊ ဦးမြဟန်(တရားရုံး ချုပ်ရှေ့နေ)-ဒေါ်အေးအေးချို(အထက-၂၊ စမ်းချောင်း)၊ ဒေါ်နီလာကြည်၊ ဦးမြင့်ဦး-ဒေါ်ခင်စန္ဒာကြည်(လ/ထကထိက၊စက်မှုတက္ကသိုလ်-ငြိမ်း)၊ ဦးစိန်လှိုင်-ဒေါ်နီနီဦး၊ ဦးဝင်းဖေမြင့်၊ ဦးလရောင်-ဒေါ်လှလှဝင်းတို့၏အဒေါ်၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၅-၁-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်အုန်း(ခ)မောင်မောင်ညွှန့်

အသက်(၆၂)နှစ်

စာရေးဆရာ-မောင်မောင်ညွှန့်

(ပဲခူး/ဘုရားကြီး)

ပဲခူးတိုင်း၊ ဘုရားကြီးမြို့နယ်နေ (ဦးကျော်အုန်း-ဒေါ်ညို)တို့၏ သား၊ (ဦးပု-ဒေါ်ညွန့်ရင်)တို့၏ သားသမက်၊ သုဝဏ္ဏ၊ မင်းဒင်လမ်းနေ ဦးစိုးမြင့်-ဒေါ်တင်လှ၊ မင်္ဂလာဒုံမြို့နယ်နေ ဦးမြတ်ထွန်း-ဒေါ်ယဉ်လှတို့၏ ညီ/မောင်၊ ဦးသိန်းအောင်(အရှင်အကုံရ)၊ ဒေါ်တင်အေး၊ ခရမ်းသုံးခွနေ ဦးချစ်ဆွေ-ဒေါ်တင်ဌေးတို့၏ အစ်ကို၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက် (တောင်ပိုင်း)၊ အောင်သစ္စာလမ်း၊ အမှတ်(၃၁၉)နေ ဒေါ်ခင်လှိုင်၏ ခင်ပွန်း၊ ကိုလှတင်-မအေးအေးနိုင်၊ကိုရဲနိုင်-မတင်တင်နွယ်၊ ကိုမြင့်နိုင်-မသန်းသန်းဆင့်၊ ကိုမျိုးညွှန့်-မစန္ဒာဝင်း၊ ကိုမျိုးမြင့်ဟန်-မယဉ်ယဉ်မြင့်၊ ကိုမြတ်မင်း-စောကေသီလှိုင်၊ ကိုမြတ်လင်း-မကေသီ၊ မအေးအေးမာတို့၏ မွေးသဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၇-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်း(ခ)ဦးချစ်(၆၁)နှစ်

(မအူပင်)

မအူပင်မြို့နေ (ဦးဘကျင်-ဒေါ်မြမေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတာ-ဒေါ်သန်းရင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ အမှတ်(၂၈၅ဘီ)၊ ဗိုလ်ခန့် (၁)လမ်း၊(၇)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းနေ ဒေါ်နုနု၏ ခင်ပွန်း၊ ဦးအောင်သန်း-ဒေါ်အေးသီတာ၊ ဒေါ်စိုးစန္ဒာ၊ ဦးသူရမြင့်သိန်း(ခ)ဇာနည်၊ မောင်သီဟကျော်တို့၏ ဖခင် မောင်မျိုးစည်သူကျော်၏ အဘိုးသည် ၇-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစန်းကြည် (၅၆)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ် ပိတောက်လမ်း၊ အမှတ်(၂၄)နေ (ဒေါ်သိန်းချစ်)၏ခင်ပွန်း၊ ဦးထွန်းညွန့်-ဒေါ်ပိန်တို့၏သားကြီး၊ ဦးချစ်သန်း-ဒေါ်သိန်း၊ ဦးကျော်လွင်-ဒေါ်ဝင်း(သီဟကဖီး)၊ ဦးခင်မောင်ဌေး-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးမြင့်မော်-ဒေါ်စန်းစန်းတင့်၊ ဦးစောလွင်-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်ဌေး-ဒေါ်သိန်းသိန်းမြင့်တို့၏ အစ်ကိုကြီး၊ ဒေါ်သန်းညွန့်၏တူ၊ မခင်ချောစုလှိုင်၊ မဇာဇာစုလှိုင်တို့၏ဖခင်၊ တူ၊တူမ ၂၁ ယောက်တို့၏ဘကြီးသည် ၈-၁-၂၀၀၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်ပါ၍ ၁၀-၁-၂၀၀၄ (စနေနေ့)မွန်းလွဲ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဝဇီရမဟာထေရ်

(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)

ဥက္ကဋ္ဌ၊ မြို့နယ်သံဃာ့နာယကအဖွဲ့(မဟာရင်)

ချောင်းဆုံမြို့နယ်၊မွန်ပြည်နယ်

သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊ဒေါင်းဥကျေးရွာ၊သာသနမဏ္ဍုသာကျောင်း၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝဇီရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မဟာထေရ်မြတ် သည် ၁၃၆၅ခုနှစ်၊ပြာသိုလပြည့်နေ့၊ ၆-၁-၂၀၀၄ရက် ညနေ၅:၂၅နာရီတွင် ချောင်းဆုံမြို့နယ်၊မုရစ်ကလေးရွာ၊ရတနာ့ဗိမာန်ကျောင်းတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ပါ၍ ပြာသိုလပြည့်ကျော်၄ရက်၊၁၀-၁-၂၀၀၄(စနေနေ့)မွန်းလွဲပိုင်းတွင် မုရစ်ကလေးရွာ၊ ရတနာ့ဗိမာန်ကျောင်း၌ အန္တိမအဂ္ဂိဈာပနသာခုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ရတနာ့ဗိမာန်ကျောင်းတိုက် မုရစ်ကလေးရွာ ချောင်းဆုံမြို့နယ်၊မွန်ပြည်နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ မေဓာနန္ဒ မဟာထေရ်

သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်

မြို့နယ်သံဃနာယက(ဟောင်း)

ဒဂုံမြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဥက္ကဋ္ဌ

ကျားကူးပရိယတ္တိစာသင်တိုက်တိုက်အုပ်ဆရာတော်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ယောမင်းကြီးရပ်ကွက်၊ ကျားကူးပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော်၊ မြို့နယ်သံဃနာယက(ဟောင်း)၊ ဒဂုံမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ မေဓာနန္ဒ မဟာထေရ်မြတ်သည် ၁၃၆၅ခု ပြာသိုလဆန်း ၁၄ရက်၊ ၅-၁-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂:၁၅နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၆၅ခု ပြာသိုလဆုတ် ၃ရက်၊၉-၁-၂၀၀၄ (သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌ သာခုကီဠန အန္တိမအဂ္ဂိသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန အခမ်းအနားကို ကျားကူးပရိယတ္တိ စာသင်တိုက်တွင်ကျင်းပပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်မြတ်နှင့်အတူကားများ ကျားကူးပရိယတ္တိစာသင်တိုက်မှ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။

နာယကဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ။

ဝမ်းနည်းကြေကွဲခြင်း

ချစ်လှစွာသော အဘိုး ဘုရားဒါယကာကြီး

ဦးမောင်မောင်ကြီး (၈၅)နှစ်

ဥက္ကဋ္ဌ (ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

အငြိမ်းစားသံအမတ်ကြီး

မြေးများရဲ့ ချစ်လှစွာသော ကျေးဇူးရှင်အဘိုး ကွယ်လွန်သွားသည့်အတွက် အစားထိုးမရနိုင်ဘဲ ဆုံးရှုံးမှုနှင့်အတူ ဖြေဆည်မရနိုင်အောင် ဝမ်းနည်းကြေကွဲကြရပါတယ်။ အဘိုးအတွက်ရည်စူးပြီး ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို သာခုခေါ်နိုင်ရန် အမျှပေးဝေပါတယ်။ မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိပါစေ။

အဘိုးရဲ့ ချစ်မြေးများ

မြတ်မင်းခိုင်[မစူး(ခ)ပူစူး]-စိန်တိုး၊ ဇော်ထွန်းလင်း(ဖိုးသား)

အေးယုယုမင်း၊မေသီရိနိုင်(သဲသဲ)၊ရဲဝင့်ကျော်(ကိုရဲ)၊သက်နိုင်ဝင်း(ကိုသက်)။

ဝမ်းနည်းကြေကွဲခြင်း

ဦးကြည် (၈၁)နှစ်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်အေးနှင့် ဇနီး ဒေါ်စိန်စိန်ရီတို့၏ ကျေးဇူးရှင် မွေးသဖခင် ဦးကြည်သည် မန္တလေးတိုင်း၊ တံတားဦးမြို့နယ်၊ မြေငူကျေးရွာ၌ ၇-၁-၂၀၀၄ရက် ညနေ ၆:၃၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

ရန်ကုန်တိုင်းရုံး မိသားစု။

ဆရာကြီးဒေါ်ပညာနန္ဒီ

သိက္ခာတော်(၅၀)

သက်တော်(၇၈)နှစ်

(နတ်မြစ်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ ဂုဏာလင်္ကာရကျောင်း၌ သီတင်းသုံးနေထိုင်သော ဒေါ်ပညာနန္ဒီသည် ၇-၁-၂၀၀၄ ရက်တွင် ကွယ်လွန်ပြီးဖြစ်ပါ၍ ၉-၁-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ကျောင်းမှကားများ နံနက်၁၁:၃၀နာရီ တွင် ထွက်ပါမည်။)

ဒါယကာ၊ ဒါယိကာမများ။

ရဟန်းအမကြီး

ဒေါ်သန်းကျင် (၇၃)နှစ်

မိသားစုထမင်းဆိုင်၊ (သုံးခွ)

ရန်ကုန်တောင်ပိုင်းခရိုင်၊သုံးခွမြို့နယ်၊ အလန်းကုန်းကျေးရွာနေ (ဦးသိန်းမောင်-ဒေါ်မယ်စိန်)တို့၏ သမီး၊ သုံးခွမြို့၊ အမှတ်(၄)ရပ်ကွက်၊ (၉၄/၁)၊ အောင်ဇေယျလမ်းနေ ဒေါ်သန်း၏ ညီမ၊ (ဦးထွန်းရွှေ)၏ဇနီး၊ ကိုခင်ဝင်း-မညို (နီလာဝင်းလက်ဖက်ရည်ဆိုင်)၊ ကိုပြုံး-မအေးသွင်၊ ကိုစောဝင်း-မရင်နွဲ့၊ ကိုမြင့်နိုင်-မတရုတ်မ၊ ကိုအောင်မင်း-မမြင့်မြင့်သန်း၊ ကိုသိန်းဝင်း-မခင်ထွေးကြည်၊ ကိုဝင်းလှိုင်တို့၏ မွေးသမိခင်၊ မြေး၂၃ ယောက်တို့၏ အဘွား ဒေါ်သန်းကျင်သည် ၆-၁-၂၀၀၄ရက် နံနက် ၅:၃၀နာရီ တွင် ကွယ်လွန်ပါ၍ ၁၀-၁-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းလွင်(၈၅)နှစ်

(မင်းလှ-ပဲခူးတိုင်း)

ရန်ကုန်မြို့၊မြောက်ဒဂုံမြို့နယ်၊ ၂ရပ်ကွက်၊စဝ်စံထွန်းလမ်း၊ အမှတ်(၁၁၆၁)နေ (ဦးသာမောင်-ဒေါ်မမကြီး)တို့၏ သား၊ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်း၊ ဒေါ်အေးတင်၏ အစ်ကို၊ ဦးသန်းထွန်း-ဒေါ်အောင်မေစီ(NDCG, Ltd.)၊ ဦးတင်ထွဋ် (C/E FG Ex. Five Star Line)-ဒေါ်စိုးစိုးလွင်တို့၏ ဖခင်၊ မောင်သန်းထိုက်၊ မယုယုဝင်း(စက်မှု-၂)၊ မောင်တင်ထွန်းနိုင်၊ မသီရိသက်ဝေ(ဆေး-၁)၊ မောင်စိုးမင်းထွဋ် (ဒု-နှစ်၊ ကွန်ပျူတာ)တို့၏ အဘိုးသည် ၇-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမိုဟာမက်အဗ္ဗဒူလာ(ခ)

မားဝေရှင်း(ခ)ဦးဝင်းစိန်(၅၂)နှစ်

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ သီတာလမ်း၊ အမှတ်(၁၃၁/ခ)နေ ဒေါ်ဝေဝေခင်(အထပြ၊ ငြိမ်း၊ Rose ကွန်ပျူတာစင်တာ)၏ခင်ပွန်း၊ မောင်ဝင်းဝေဖြိုး၊ မဝေဝင်းခိုင်၊ (စာကြည့်တိုက်-၂၊သုတပညာ၊ ပထမနှစ်၊ ဂုဏ်ထူးတန်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ဝင်းဝေကျော်(ပထမနှစ်၊ ပထဝီအဝေးသင်တက္ကသိုလ်၊ တောင်ကြီး)တို့၏ ဖခင်သည် ၁-၁-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၂-၁-၂၀၀၄ရက်တွင် တောင်ကြီး ကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပုဂ္ဂလိက ဆန်စက်များ ခေတ်မီတိုးတက်လာရေး ဆောင်ရွက်ရန်လို
မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ယနေ့ထုတ် စောင်ရေ ၁၉၈၁၃၅

ရန်ကုန် ဇန်နဝါရီ ၈

အပြည်ပြည်ဆိုင်ရာ ဆန်ဈေးကွက်များတွင် မြန်မာ့ဆန် ပြန်လည်နေရာရရှိလာစေရန်နှင့် ဈေးကွက်ကို ထိန်းထားနိုင်ရန်၊ အရည်အသွေးမြင့်မားသည့် မြန်မာ့ဆန်များ ထုတ်လုပ်နိုင်စေရန်၊ မြန်မာနိုင်ငံ၏ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်မာ့ ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင် လမ်းမကြီးရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်၍ ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်လိုက်ကာကို အဝေးထိန်း စက်ခလုတ်ဖြင့်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ပြပွဲဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားတွင် ပြပွဲအတွင်း ပြသထားသော ပြည်တွင်း ပြည်ပကုမ္ပဏီများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၁၂ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF) နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM) တို့က ကြီးမှူး၍ အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)ပြိုင်ပွဲကို ဇန်နဝါရီ ၁၂ရက်မှ ၂၀ရက်အထိ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အိမ်ရှင် မြန်မာ၊ မလေးရှား၊ နီပေါ၊ သီရိလင်္ကာ၊ ဘူတန်၊ မော်လဒိုက်၊ မွန်ဂိုလီးယား၊ ပါကစ္စတန်နှင့် လာအိုတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတို့ဖြစ်သည်။ ပြိုင်ပွဲ အမျိုးအစားတစ်ခုစီမှ အဆင့်(၁)မှ (၄)အထိ ရရှိသူများအား ITF Teamအဖြစ် ရွေးချယ်ခံရပြီး ဆုများ ချီးမြှင့်ပေးမည်ဖြစ်သည်။ ဆုရရှိသည့် အားကစားသမားများသည် ဖေဖော်ဝါရီလတွင် ဟောင်ကောင်၌ ကျင်းပမည့် Asian Championships Zone (1)ပြိုင်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

ယခုကျင်းပမည့် ပြိုင်ပွဲကို Official Sponsor အဖြစ် Max Myanmar Co., Ltd၊ Htoo Trading Co., Ltd.၊ Ayer Shwe Wah Co., Ltd.၊ SSC **စာမျက်နှာ ၁၂ ကော်လံ ၄ သို့** ❐

လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲဝင်ရန် လေ့ကျင့်ပြင်ဆင်

သတင်းဆောင်းပါး-ညီညီစိုးညွန့်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၄ရက်မှ စတင်ကာ အထက်မြန်မာပြည်ဇုန်(မုံရွာ)နှင့် အောက်မြန်မာပြည်ဇုန် (ဟသ်ာတ)တို့တွင် ကျင်းပမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်းဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်းသည် ၁၉၉၃ခုနှစ်တွင် ပြည်ထောင်စုဒိုင်းကြီးကို ရယူခဲ့ပြီးနောက် ၂၀၀၃ခုနှစ်ကျမှ တစ်ကျော့ပြန် ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်းသည် မကြာမီကျင်းပတော့မည့် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် လေ့ကျင့်ပြင်ဆင်နေသည်။

အထက်မြန်မာပြည်ဇုန်(က)အုပ်စုတွင် ရှမ်းပြည်နယ်(အရှေ့)၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့်၊ မန္တလေးတိုင်း၊ (ခ)အုပ်စုတွင် တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့ ပါဝင်ကြသည်။ အောက်မြန်မာပြည်ဇုန်(ဂ)အုပ်စုတွင်ရှမ်းပြည်နယ်(မြောက်ပိုင်း)၊မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ကချင်ပြည်နယ်၊ (ဃ)အုပ်စုတွင် ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်၊ လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့ ပါဝင်ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် အုပ်စုပွဲစဉ်၌ ရန်ကုန်တိုင်းအသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိသည်။ ထို့အတူ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကိုလည်း လျှော့တွက်၍မရဘဲ အကြိတ်အနယ် ယှဉ်ပြိုင်ရမည့် အနေအထားတွင် ရှိနေသည်။ အုပ်စုတစ်ခုစီမှ ပထမနှင့် ဒုတိယရသော အသင်းများသည် ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပမည့် ဒုတိယအဆင့်အုပ်စုသို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရကြမည်ဖြစ်သည်။

လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်း လေ့ကျင့်ပြင်ဆင်ထားမှု၊ အုပ်စုအနေအထား၊ မျှော်မှန်းချက်တို့နှင့်စပ်လျဉ်း၍ အသင်းအုပ်ချုပ်သူ ဦးမောင်မောင်လောက်အား **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❍

သတင်း၊ဆောင်းပါး အညွှန်း

၂၀၀၃ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် သတင်းစာဆရာ ၄၂ဦး သေဆုံးခဲ့ရာ ၁၉၉၅ခုနှစ်နောက်ပိုင်းတွင် အများဆုံး သေဆုံးမှုဖြစ်ပြီး ယင်းတို့အနက် ၁၄ဦးမှာ အီရတ်စစ်ပွဲသတင်းယူသူများ ဖြစ်သည်။

(နိုင်ငံတကာသတင်းများ၊ စာ-၃၊၄၊၅)

မြန်မာနိုင်ငံတွင် ရှေးပဝေသဏီကပင် မှီတင်းနေထိုင်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် တိုင်းတစ်ပါးမှ ပြောင်းရွှေ့လာသော မျိုးနွယ်များ မဟုတ်ကြောင်း တွေ့ရသည်။

(ခြင်ကျား(မအူပင်)၏ ဆောင်းပါး၊ စာ-၆)